## မြဝတီ ထုတ်ဝေသည့် (ကြေးမုံ) နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁၃)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သော စိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဩဂုတ် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး

**စာမျက်နှာ ၁၆ ကော်လံ ၁ ★**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၉ ရက်)

# မီးရထားလုပ်ငန်းပိုမိုတိုးတက်ရေး

မြန်မာနိုင်ငံ၏သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် များစွာအထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်သည်။ မီးရထားလမ်းများ၊ မီးရထားစက်ခေါင်းတွဲများ၊ လူစီးတွဲများကြံ့ခိုင်ကောင်းမွန်ရေးအတွက် အမြဲမပြတ်စစ်ဆေးပြုပြင်ဆောင်ရွက်နေကြရမည်ဖြစ်သည်။ ရထားကိုအသုံးပြု၍ပို့ဆောင်မှုကြောင့် လောင်စာဆီများသုံးစွဲရမှု သက်သာခြင်းနှင့်အချိန်ကုန်မှုကိုလျော့နည်းစေခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေသည်။ နိုင်ငံတော်အတွက် အဓိကကျသည့် မီးရထားပို့ဆောင်ရေးဖြင့် ကုန်စည်များအမြဲမပြတ်ပြေးဆွဲနိုင်ရေးဆောင်ရွက်နေကြသလို မြို့ပတ်ရထားများနှင့်ပတ်သက်၍လည်း ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်ယူထားစဉ်အတွင်း ဘက်စုံထောင့်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းရှေးရှုဆောင်ရွက်လျက်ရှိသည်။ အများပြည်သူပို့ဆောင်ရေးစနစ်ကိုအားပေးဆောင်ရွက်နေသည့်အပြင် မြို့ပတ်ရထား၊ လျှပ်စစ်ရထားနှင့်လျှပ်စစ်ဘတ်စကားများပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ မီးရထားခရီးစဉ်များပြေးဆွဲရာတွင် ခရီးသည်များ အဆင်ပြေပြေခရီးသွားရောက်နိုင်ရေးအတွက် ရောက်ရှိထွက်ခွာမှုများအချိန်မှန်ရေးနှင့် မီးရထားလမ်းတစ်လျှောက်နှင့် မီးရထားယာဒ်ဝင်းများတွင် သန့်ရှင်းမှုရှိစေရေး အမြဲမပြတ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ပြည်သူများသွားလာမှုလွယ်ကူအဆင်ပြေစေရန် ရထားပို့ဆောင်ရေးကဏ္ဍတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၃ ရက်နေ့က မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)သို့သွားရောက်ကြည့်ရှုစစ်ဆေးစဉ် **“မြန်မာ့မီးရထားကို တစ်ခေတ်ပြောင်းနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ DEMU တွဲများကို ပြည်တွင်း၌အောင်မြင်စွာတည်ဆောက်နိုင်ရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အခါတွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်သည်အထိ မျှော်မှန်းလုပ်ဆောင်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လျှပ်စစ်ရထားလမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ဘူတာများ၌ပြင်ဆင်ရန်လိုအပ်သည့်အခြေအနေများ၊ ရထားလမ်းခုံးကျော်တံတားများပြင်ဆင်ရန်လိုအပ်သည့်အခြေအနေများကိုကြိုတင်စဉ်းစားတွက်ချက်ဆောင်ရွက်ထားရန်လိုကြောင်း၊ ရန်ကုန် – ပြည်လမ်းပိုင်းနှင့် နေပြည်တော် – မန္တလေးလမ်းပိုင်းကိုဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း”** လမ်းညွှန်ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေခြင်းအကြောင်းရင်းများတွင် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးသည်လည်း အဓိကကျလှသည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာ ခရီးသွားလာမှုအဆင်ပြေမြန်ဆန်မည်ဖြစ်သလို ကုန်စည်စီးဆင်းမှုလည်းမှန်ကန်ပေမည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာမှ ယနေ့တိုင် ခရီးသွားလာမှုလွယ်ကူမြန်ဆန်ရေးတွင် မြန်မာ့မီးရထား၏အခန်းကဏ္ဍသည်အရေးပါနေဆဲဖြစ်သည်။ မီးရထားဖြင့် ခရီးသွားလာရခြင်းသည် လမ်းတစ်လျှောက် စိမ်းလန်းသောလယ်ကွင်းများ၊ အုပ်ဆိုင်းနေသောသစ်တောသစ်ပင်များ၊ ဘုရားပုထိုးစေတီကျောင်းကန်များကိုမြင်တွေ့ကြရသည်မှာ စိတ်ရွှင်လန်းချမ်းမြေ့စေသည်။ လေကောင်းလေသန့်ကို တစ်ဝကြီးရှူရှိုက်ရသောအရသာကို မီးရထားဖြင့်ခရီးသွားဖူးမှသာ ခံစားဖူးပေလိမ့်မည်။

နိုင်ငံ၏ပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည်ပြည်သူလူထုကိုများစွာအထောက်အကူပြုသည့်သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သည်။ မြန်မာ့မီးရထားသည်နှစ်ပေါင်း ၁၄၀ သက်တမ်းရှိပြီဖြစ်သဖြင့် အရှေ့တောင်အာရှနှင့်တောင်အာရှနိုင်ငံများ၌ အိန္ဒိယနိုင်ငံပြီးလျှင် ဒုတိယသက်တမ်းအရင့်ဆုံးဖြစ်ပေသည်။ ရထားပို့ဆောင်ရေးနှင့်ပတ်သက်၍ များစွာသောအတွေ့အကြုံရှိထားပြီးဖြစ်ပေရာ မည်သည့်အခက်အခဲရှိပါစေ မြန်မာ့မီးရထားဝန်ထမ်းတို့၏ စေတနာထားကြိုးပမ်းဆောင်ရွက်မှုများကြောင့် မီးရထားခရီးစဉ်များအဆင်ပြေချောမွေ့နေမည်ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေရှိ စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)ကို မြန်မာ့မီးရထားရှိအဓိကစက်ရုံကြီးများဖြစ်သည့် စက်ခေါင်းစက်ရုံ(အင်းစိန်)နှင့် ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)တို့၏ လုပ်ငန်းတာဝန်များကိုအထောက်အကူပြုနိုင်စေရန်၊ ပြည်တွင်း၌လိုအပ်သည့် ဒီဇယ်လျှပ်စစ်စက်ခေါင်းများ ပြုပြင်မွမ်းမံမှုများကိုတိုးချဲ့ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် တည်ဆောက်မှုလုပ်ငန်းများပြီးစီးခဲ့ပြီး ပထမဦးဆုံးစက်ခေါင်းသစ် DF 2093 စက်ခေါင်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့သည်။ နေပြည်တော်သည် မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့်အားလျော်စွာ နေပြည်တော်ဘူတာကြီးကို အဆင့်မြင့်မြင့်တည်ဆောက်ပေးထားသည်။ နေပြည်တော်ဘူတာကြီးအဆောက်အအုံကြီးကိုမြင်လိုက်သည်နှင့် ထည်ဝါခံ့ညားလှသောမြင်ကွင်းကို မြင်တွေ့ကြရမည်ဖြစ်သည်။ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် များစွာအထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ရာ မြန်မာ့မီးရထားအား ယခုထက်ပိုမိုတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။




ပေါင်၊ လူမှုရေး

## (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး မြို့နယ်အဆင့်ပြိုင်ပွဲကျင်းပ

မွန်ပြည်နယ် ပေါင်မြို့နယ်၌ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး မြို့နယ်အဆင့်ပြိုင်ပွဲကို ဩဂုတ်လ ၇ ရက် နံနက်ပိုင်းတွင် ပေါင်မြို့အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရာရောက်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုလည်း ထိန်းသိမ်းရန်အတွက် ယခုလိုပြိုင်ပွဲများကို အခြေခံကျောင်းများတွင် ယှဉ်ပြိုင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက အခြေခံပညာကျောင်းများအားလုံး ဂီတအနုပညာဘာသာရပ်သင်ကြားပြသလျက်ရှိပြီး ယခုပညာသင်နှစ်တွင် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လာသူများ မြင်ရသည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရာရောက်ကြောင်း ပြောကြားသည်။

ပြိုင်ပွဲတွင်မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ ဝါသနာရှင် ကျောင်းသား၊ ကျောင်းသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြပြီး မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၂၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များက ပြည်နယ်အဆင့်ပြိုင်ပွဲများသို့ တက်ရောက်ယှဉ်ပြိုင်နိုင်မည့်သူများကို စိစစ်ရွေးချယ်အကဲဖြတ်ပေးကြကြောင်း သိရသည်။ (၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၂၄(သောကြာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၀၀ မေတ္တာပို့
၃။ ၇:၁၀ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၃၀ ခရီးလည်းသွားစကားလည်းဆို
၆။ ၉:၃၀ အမှတ်တရနေ့ရက်များ
၇။ ၁၁:၂၅ ပြည်သူ့ကြားက ပြည်သူ့စကား
၈။ ၁၆:၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၉။ ၁၇:၁၀ အင်္ဂလိပ်စာသုတ
၁၀။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ**
**သိပ္ပ၌ ဝိနယောစ သုသိက္ခိတော**
၁၁။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ရန်ကုန်၊ သာသနာရေး

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် စီစဉ်လျက်ရှိ



ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မည့်အပြင် အရံသာသနိကအဆောက်အအုံများအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မိုးရာသီတွင် အမိုးအကာအောက်၌ရှိသည့် ဇရပ်၊ တန်ဆောင်းအတွင်းပိုင်းများအား ရွှေချ၊ ရွှေသင်္ကန်းကပ်သည့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး ပွင့်လင်းရာသီရောက်သည်နှင့် ရင်ပြင်ပေါ်ရှိ အရံစေတီများ၊ မြေစိုက်စေတီများအား ရွှေသင်္ကန်းကပ်လှူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသူများအနေဖြင့် ရွှေစင်ရွှေပြား ၁၀ လက်မပတ်လည် တစ်ကျပ်သားတစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်း၊ တစ်ပေပတ်လည်ခြောက်ကျပ်သားတစ်ချပ်လျှင် ငွေကျပ် သိန်း ၁၅၀ ဖြင့် လှူဒါန်းနိုင်ပြီး ဖုန်း-၀၁၈-၃၇၅၇၆၇၊ ၀၁၈-၃၈၃၅၁၂ နှင့် ၀၁၈-၃၈၃၅၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့အနေဖြင့် ယခုနှစ်အတွင်း ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သည့် နောင်တော်ကြီးစေတီနှင့် အရံစေတီ ၂၄ ဆူအား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ်အဖြစ် ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက်က ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားများ ကျင်းပခဲ့ကြောင်း သိရသည်။

**ဝန်းရံ**

ရန်ကုန်၊ အသိပညာပေး

# တာမွေမြို့နယ်၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြော

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ စီစဉ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၇ ရက်က တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဘွေကျုံးက အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဦးစီးအရာရှိ ဒေါက်တာမိုးမိုးက စွန့်ပစ်အမှိုက်ဟူသည့်အဓိပ္ပာယ်၊ စွန့်ပစ်အမှိုက်အမျိုးအစားများ၊ စွန့်ပစ်အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်နည်းများ စသည်ဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာ၊ အမှုအကျင့်ကောင်းများနှင့်စပ်လျဉ်း၍ အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများက အမှိုက်စနစ်တကျစွန့်ပစ်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့နှင့်ပတ်သက်၍ တေးသရုပ်ဖော်အစီအစဉ်များဖြင့်လည်းကောင်း၊ အသိပညာပေးပိုစတာများ ပြသ၍လည်းကောင်း အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းအတွက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ၊ ဗလာစာအုပ်များ၊ ဘောပင်များ၊ ခဲတံများနှင့် အမှိုက်အိတ်များကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုမော်က လက်ခံရယူပြီး အသိပညာပေးဆွေးနွေးပွဲ ကျင်းပပေးခြင်းအပေါ် တာမွေမြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

ဓနုဖြူ၊ စီးပွားရေး

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၉၀၀၀၀ အထိ တင်ပို့ရောင်းချ


ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၉၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အိအိထွေး၏ ပြောပြချက်အရ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ငရုတ်သီးစိမ်းပိဿာချိန် ၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၉၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇွန်လအတွင်း ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးစိမ်း ပိဿာချိန် ၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဇူလိုင်လအတွင်းမှာ ငရုတ်သီးစိမ်းပိဿာချိန် ၉၀၀၀၀ အထိ တင်ပို့ရောင်းချနိုင် ခဲ့ပါတယ်။ ဓနုဖြူမြို့နယ်က ထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် တခြားမြို့နယ်တွေနဲ့ ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကထွက်တဲ့ ငရုတ်သီးစိမ်းတွေက အရည်အသွေးကောင်းပြီးသန့်ရှင်းတယ်။ အရည်အသွေးကောင်းတော့ တာရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာလည်း အဆင်ပြေပါတယ်" ဟု ဒေါ်အိအိထွေးက ပြောသည်။

ဓနုဖြူမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးသည့်လုပ်ငန်းနှင့် ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိသော ငရုတ်သီးစိမ်းများသည် အရည်အသွေးကောင်းမွန်ပြီး သန့်ရှင်းကြောင်းနှင့် ထိုသို့ ငရုတ်သီးစိမ်းများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များနှင့် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိနေကြောင်း သိရသည်။

**သုတကျော်**



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

> "မွေးမြူရေးလုပ်ငန်းများတွင် သိုး၊ နွား၊ ဝက်၊ ကြက်၊ ကြက်ဆင် စသည့်သတ္တဝါများ၏ မစင်နှင့်ကျင်ငယ်သည် $CH_4$ အလွန်ထွက်သည်။ နွားခြံ၊ သိုးခြံ၊ ကြက်ခြံနှင့် ဝက်ခြံများအနီးသွားသည့်အခါ အနံ့ပြင်းကြောင်း တွေ့ကြရမည် . . ."

**ယမန်နေ့မှအဆက်**

အလားတူပင် ရိုးပြတ်များ၊ လယ်ယာထွက်ကုန်စွန့်ပစ်ပစ္စည်းများ၊ စပါးခွံများကိုမီးရှို့လျှင် $CO_2$ ထွက်သည်။ $CH_4$ လည်းထွက်သည်။ ၎င်းတို့ရေစိုလျှင် $CH_4$ ထွက်သည်။ အမှိုက်ပုံများကလည်း $CH_4$ ထွက်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဆန်ထုတ်လုပ်မှုအမြင့်ဆုံးနိုင်ငံဖြစ်သည်။ ကမ္ဘာ့ဆန်ထွက်ရှိမှု၏ ၃၀ ရာခိုင်နှုန်းမှာ တရုတ်၊ ထိုင်း ၂၈ ရာခိုင်နှုန်း၊ အင်ဒိုနီးရှား ၈ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ် ၇ ရာခိုင်နှုန်းနှင့် ဗီယက်နမ်မှ ၆ ရာခိုင်နှုန်းထုတ်လုပ်ခြင်းဖြစ်သည်။ မိမိတို့သတိပြုရမည်မှာ ကမ္ဘာ့ဆန်ထုတ်လုပ်နေသောထိပ်သီးနိုင်ငံတရုတ်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ် စသည်တို့တွင် စပါးစိုက်လယ်ကွင်းများကို မည်သို့စီမံနေကြသနည်း။ စပါးခွံများကိုရော မည်သို့စီမံနေကြသနည်း။

ဤသည်ကိုထောက်ရှုပြီး အာရှသည် တခြားဓာတ်ငွေ့များထက် လယ်ယာကဏ္ဍမှ $CH_4$ နှင့် $CO_2$ သိသိသာသာထုတ်လွှတ်နေမည်မှာ သေချာသည်။

နောက်တစ်ခုမှာ မွေးမြူရေးဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများတွင် သိုး၊ နွား၊ ဝက်၊ ကြက်၊ ကြက်ဆင် စသည့်သတ္တဝါများ၏ မစင်နှင့် ကျင်ငယ်သည် $CH_4$ အလွန်ထွက်သည်။ နွားခြံ၊ သိုးခြံ၊ ကြက်ခြံနှင့် ဝက်ခြံများအနီးသွားသည့်အခါ အနံ့ပြင်းကြောင်း တွေ့ကြရမည်။ မွေးမြူသူများက နှာခေါင်းယဉ်နေ၍ အနံ့ဆိုးဟု မထင်သော်လည်း လူစိမ်းတစ်ယောက် ၎င်းတိရစ္ဆာန်များ ကျယ်ကျယ်ပြန့်ပြန့်မွေးမြူနေသောနေရာရောက်ခဲ့လျှင် သိသာကြောင်းပြောပါလိမ့်မည်။

တစ်ချိန်က မိမိတို့နိုင်ငံတွင် ကျေးရွာတိုင်းရှိ အိမ်တိုင်းလိုလို ကျွဲသို့မဟုတ် နွားရှိကြသည်။ နွားကို နှစ်ထပ်အိမ်အောက်ထပ်မှာပင် စားခွက်ထား၍ မွေးထားသူများရှိသလို ခြံထဲမှာပင် နွားတင်းကုပ်ဖြင့် မွေးသူကမွေးသည်။ တချို့နွားများမှာ ခြံထဲတွင် လွတ်လပ်စွာသွားလာနေကြသည်။ နွားခြံကျယ်ကြီးများလည်း ရွာထဲမှာပင်ရှိသည်။ ၎င်းတို့မှ ထွက်သော ကျင်ကြီးကျင်ငယ်၊ လေချဉ်တက်မှု (စားမြုံ့ပြန်သောသတ္တဝါများသည် ပါးစပ်မှ $CH_4$ ပို၍ထုတ်လွှတ်သည်) စသည်တို့မှ $CH_4$ သိသိသာသာထွက်နေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးအနက် နိုင်ငံအများစုတွင် သိုးသား၊ အမဲသား၊ နွားနောက်သား၊ ကြက်သား၊ ကြက်ဆင်သား၊ ဝက်သား စသည့်အသားနှင့် နို့၊ ထောပတ်၊ ဒိန်ခဲ စသည်တို့ကို နိုင်ငံ၏ စီးပွားရေးအတွက် အကောင်ရေထောင်ချီ၍ အကြီးအကျယ်မွေးကြသည်။ နွားကျောင်းသား၊ သိုးကျောင်းသားပင် မြင်းစီး၍ကျောင်းရသည်အထိ အကောင်ရေများသည်။ နယူးဇီလန်၊ ဩစတြေးလျ၊ နယ်သာလန်၊ ဒိန်းမတ်၊ ဟန်ဂေရီ၊ ကနေဒါ အပါအဝင် ဥရောပနိုင်ငံကြီးများသည် ကြီးမားသောခြံကြီးများဖြင့် စီးပွားဖြစ်မွေးမြူ၍ အသားနှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေကြသည်။ ၎င်းတို့ထုတ်လွှတ်သော $CO_2$ တွင် တွင်းထွက်လောင်စာမီးရှို့မှုနှင့် တခြားကဏ္ဍများမှ $CH_4$ ထွက်ရှိမှုကို $CO_2$ ဖြင့် အချိုးချတွက်ချက်ထားမှုကြောင့် ၎င်းနိုင်ငံအများအပြားသည် ကမ္ဘာ့ $CO_2$ ထုတ်လွှတ်မှုတွင် ထိပ်ဆုံးမှပါနေသည်။ နိုင်ငံအလိုက် $CO_2$ ထုတ်လွှတ်မှုကို လေ့လာကြည့်လျှင်သိနိုင်သည်။

**နိုင်ငံအလိုက် $CO_2$ ထုတ်လွှတ်မှု(၂၀၁၈ ခုနှစ်)**

| စဉ် | နိုင်ငံ | $CO_2$(မက်ထရစ်တန်ချိန်ဘီလီယံ) |
|---|---|---|
| ၁။ | တရုတ် | ၁၀.၀၆ |
| ၂။ | အမေရိကန် | ၅.၄၁ |
| ၃။ | အိန္ဒိယ | ၂.၆၅ |
| ၄။ | ရုရှား | ၁.၇၁ |
| ၅။ | ဂျပန် | ၁.၁၆ |
| ၆။ | ဂျာမနီ | ၀.၇၅ |
| ၇။ | အီရန် | ၀.၇၂ |
| ၈။ | တောင်ကိုရီးယား | ၀.၆၅ |
| ၉။ | ဆော်ဒီအာရေဗျ | ၀.၆၂ |
| ၁၀။ | အင်ဒိုနီးရှား | ၀.၆၁ |
| ၁၁။ | ကနေဒါ | ၀.၅၆ |
| ၁၂။ | မက္ကဆီကို | ၀.၄၇ |
| ၁၃။ | တောင်အာဖရိက | ၀.၄၆ |
| ၁၄။ | ဘရာဇီး | ၀.၄၅ |
| ၁၅။ | တူကီယဲ | ၀.၄၂ |
| ၁၆။ | ဩစတြေးလျ | ၀.၄၂ |
| ၁၇။ | ယူနိုက်တက်ကင်းဒမ်း | ၀.၃၇ |
| ၁၈။ | ပိုလန် | ၀.၃၄ |
| ၁၉။ | အီတလီ | ၀.၃၃ |
| ၂၀။ | ကာဇက်စတန် | ၀.၃၂ |

*Source: Each Country's Share of $CO_2$ Emissions, Published Jul 16,2008/*
*Updated August 12,2020 by Union of Concerned Scientists*

မွေးမြူရေးအသားငါးများမှ $CO_2$ ထုတ်လွှတ်မှုကို ဆက်ပါဦးမည်။

လူသားများစားသုံးနေသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၏ ကာဗွန်ခြေရာ (Carbon Footprint) ကို ရာဇဝင်လိုက်၍ $CO_2$ ထုတ်လွှတ်မှုပမာဏတွက်ချက်ကြည့်ရာ အမျိုးအမည်အလိုက် အသား တစ်ကီလိုဂရမ်တိုင်းအတွက် $CO_2$ ထုတ်လွှတ်ခဲ့မှုကို အောက်ပါအတိုင်း တွေ့ရသည်။

**အသား၊ ငါး၊ ဟင်းသီးဟင်းရွက် တစ်ကီလိုဂရမ်အတွက် $CO_2$ ထုတ်လွှတ်မှု**

| စဉ် | အမည် | $CO_2$ ထုတ်လွှတ်မှု(ဂရမ်) |
|---|---|---|
| ၁။ | သိုးသား | ၃၉.၂ |
| ၂။ | အမဲသား | ၂၇.၀ |
| ၃။ | ဒိန်ခဲ | ၁၃.၅ |
| ၄။ | ဝက်သား | ၁၂.၁ |
| ၅။ | ကြက်ဆင်သား | ၁၀.၉ |
| ၆။ | ကြက်သား | ၆.၉ |
| ၇။ | တူနာငါး | ၆.၁ |
| ၈။ | ကြက်ဥ | ၄.၈ |
| ၉။ | အာလူး | ၂.၉ |
| ၁၀။ | ဆန် | ၂.၇ |
| ၁၁။ | ပဲ၊ နှမ်း | ၂.၃ |
| ၁၂။ | ပဲသီး၊ ပဲပြား | ၂.၀ |
| ၁၃။ | ဟင်းသီးဟင်းရွက် | ၂.၁ |
| ၁၄။ | နွားနို့ | ၁.၉ |
| ၁၅။ | သစ်သီး | ၁.၁ |
| ၁၆။ | ပဲနီလေး | ၀.၉ |

အသားစားသတ္တဝါများများမွေးမြူသောနိုင်ငံများ $CO_2$ ပိုထုတ်မည့်သဘောဖြစ်သည်။

မိမိတို့နိုင်ငံတွင် နွားမွေးမြူမှုကို အကောင်ရေ ရာဂဏန်းပင် ဆောင်ရွက်သောခြံမှာ လွန်စွာနည်းပါသည်။ သိုးနှင့်ဆိတ်မှာ မိမိတို့နိုင်ငံတွင် မြေလတ်နှင့်အညာကျေးလက်ဒေသတချို့မှာသာ အနည်းငယ်မွေးမြူကြသည်။ ကြက်ဆင်မှာ ဥရောပနှစ်သစ်ကူးအထိမ်းအမှတ်စားစရာတစ်မျိုးဖြစ်၍ မိမိတို့နှင့်မပတ်သက်သောသတ္တဝါလိုပင်ဖြစ်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

ရပ်စောက်၊ သက်မွေးပညာ

# ရပ်စောက်မြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးစေရေး စက်ချုပ်သင်တန်းဖွင့်လှစ်



ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားစေရေးစီမံကိန်းပါ အမျိုးသမီးများဝင်ငွေတိုးစေရေးအတွက် စက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၇ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ယမ်းတွင်းကြောင်ကျေးရွာအုပ်စု ရတနာပုံကျေးရွာဓမ္မာရုံ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်သော စက်ချုပ်သင်တန်းသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများပေါ်ထွက်လာစေရေးအတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချခဲ့သည်များကို လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးချနိုင်သည်အထိ သင်ယူလေ့လာပြီး တတ်မြောက်သည့်ပညာရပ်နှင့် လုပ်ငန်းထူထောင်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။

အဆိုပါသင်တန်းတွင် အခြေခံစက်ချုပ်ဘာသာရပ်ကို ဩဂုတ်လ ၇ ရက်မှ စက်တင်ဘာလ ၅ ရက်အထိ သင်ကြားပေးလျက်ရှိပြီး အဆင့်မြင့်စက်ချုပ်ဘာသာရပ်ကို စက်တင်ဘာလ ၁၃ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

မြိတ်၊ ကျေးလက်ဖွံ့ဖြိုးရေး

# မြိတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းပြုစုထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းပြုစုထိန်းသိမ်းနည်း သင်တန်းကို ဩဂုတ်လ ၈ ရက်တွင် အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများနှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေစာချုပ်စီမံခန့်ခွဲမှုသင်ခန်းစာများ၊ လအလိုက် ပေးပို့ရသည့် ငွေစာရင်းဇယားများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ၁၄ ဦးကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်ရှိ ကန်သာယာကျေးရွာနှင့် ကျောက်ဖျာကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀ စီ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းနှင့် အကျုံးဝင်သည့် တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးစေမည့် လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ချေးငွေများထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

သာယာဝတီ၊ စာပေရေးရာ

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ




ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းတို့ ပူးပေါင်းကာ ဩဂုတ်လ ၈ ရက်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း ဆရာစံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မိုးထွဋ်က အဖွင့်အမှာစကား ပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာမိုးက ကျောင်းသားလူငယ်များ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ ပြည့်စုံကြွယ်ဝလာစေရန်နှင့် အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း ဒုတိယနှစ်ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးက ယှဉ်ပြိုင်ခဲ့ကြပြီး ပထမနှစ်ကျောင်းသား၊ ကျောင်းသူရှစ်ဦးက ၃၈ ဖြာမင်္ဂလာတရားတော် စာအုပ်ပါ အကြောင်းအရာများဖြင့် စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




ဇန်းမောက်၊ စိုက်ပျိုးရေး

# ဇန်းမောက်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၈၂၆ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၈၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဇန်းမောက်မြို့နယ်၌ သီးနှံစုံ ဧက ၂၆၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်၍ စိုက်ပျိုးခဲ့ကြရာ လက်ရှိအချိန်ထိ ၁၈၂၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဇန်းမောက်မြို့နယ်မှာ သီးနှံစုံ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးကပြောသည်။

ယခုနှစ် ဇန်းမောက်မြို့နယ်၌ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(၄၀၉)**

သဲကုန်း၊ လူငယ်ရေးရာ

# သဲကုန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(တဲကြီးကုန်း)၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဩဂုတ်လ ၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းလွန်ကျောင်း(တဲကြီးကုန်း) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုဌေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကျောင်းသား၊ ကျောင်းသူများအား စာပေဖတ်ရှုခြင်းဖြင့် ရရှိနိုင်သော အသိပညာဗဟုသုတများ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်/စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

နေပြည်တော်  ဩဂုတ်  ၈

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



မြန်မာ-ထိုင်း-စင်ကာပူ-အမေရိကန်ရောက် အမျိုးသားရေးညီအစ်ကိုများကိုယ်စား အလှူရှင်များက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများဂုဏ်ပြုပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်စဉ်။



ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၉) ကျောင်းဆင်းအရာရှိမိသားစုများက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများဂုဏ်ပြုပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ်လ ၇ ရက်နေ့နှင့် ယနေ့တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းခြောက်ဆယ်ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးဆယ့်နှစ်သိန်းနှင့် ငွေကျပ်ငါးဆယ့်ခုနစ်သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးဆယ့်ခုနစ်သိန်း ခြောက်သောင်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းငါးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၉) ကျောင်းဆင်းအရာရှိ မိသားစုများက ငွေကျပ် ကိုးဆယ့်ကိုးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ မြန်မာ- ထိုင်း- စင်ကာပူ- အမေရိကန်ရောက် အမျိုးသားရေးညီအစ်ကိုများက ငွေကျပ်ခုနစ်ဆယ့်တစ်သိန်းကိုလည်းကောင်း၊ ဘုန်းစံကျော်အောင်ဆောက်လုပ်ရေးကုမ္ပဏီမှ မိသားစုများက ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချုံချုံတာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

နေပြည်တော်  ဩဂုတ်  ၈

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ကန့်ဘလူ၊ စိုက်ပျိုးရေး

## ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရေးအတွက် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၂၅၈ ဧက စိုက်ပျိုးနိုင်ရန်လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ၁၀၇၁၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမိုးစပါးများကို ဇူလိုင်လဆန်းကစတင်၍ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများလူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ရာသီဥတု ရေမြေဒေသနှင့်ကိုက်ညီသောအထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားရန်၊ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနဖွံ့ဖြိုးရေး ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆည်ရေသောက်ဧရိယာနှင့် မိုးကောင်းသောက်ဧရိယာများတွင် ရေရရှိရေးနည်းလမ်းခြောက်သွယ်ဖြင့် မိုးစပါးများကို ကြဲခင်းစိုက်(အစို/အခြောက်)၊ တိုက်ရိုက်စိုက်(အစို/အခြောက်)၊ နည်းလမ်းများဖြင့် လုပ်သားရှားပါးမှုအခက်အခဲများ ဖြေရှင်းနိုင်စေရန် စပါးမျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် စပါးမျိုးများအဖြစ် ဆင်းသုခ၊ ရောမင်း၊ ပေါ်ဆန်း၊ ရွှေသွယ်ရင်နှင့်မနောသုခစသည့် စပါးမျိုးများကိုစိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

နေပြည်တော်၊ လူမှုရေး

## အခြေခံပညာအလယ်တန်းကျောင်း(ရွာသစ်)တွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ရွာသစ်)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတများ ပိုမိုရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းကို ဩဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းစာသင်ဆောင်၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်ဟန်ဇော်က "လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု" ခေါင်းစဉ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စာဖတ်ရှိန်မြှင့်တင်ရေး "စာဖတ်ခြင်းနှင့် အနာဂတ်" ခေါင်းစဉ်ဖြင့် အသီးသီးဟောပြောပြီး အခြေခံပညာအလယ်တန်းကျောင်း(ရွာသစ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ လူကုန်ကူးမှုအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကလေးများအတွက်အသိပညာပေးနံရံကပ်စာစောင်များ၊ သုတရသစာအုပ်၊ စာစောင်များအား ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)



♫♫ သဇင် (FM) ♫♫
**အသံလွှင့်အစီအစဉ်**
၉-၈-၂၀၂၄(သောကြာနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၂:၁၅ Special Music Time
၃။ ၁၅:၀၀ တော်ဝင်ပန်းလေးသဇင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၂၁:၂၀ မြန်မာသံစဉ် (ကာလပေါ်)
၆။ ၂၁:၄၀ Love Dictionary

ပင်းတယ၊ စိုက်ပျိုးရေး

## ပင်းတယမြို့နယ်နှင့်ရွာငံမြို့နယ်တို့ရှိ စိုက်ခင်းများမှ ထွက်ရှိသော ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များ အောင်မြင်ဖြစ်ထွန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုရှိ ကျေးရွာများ၏ တောင်ယာ/လယ်ယာဧကအများအပြား၌ စိုက်ပျိုးထားသည့် မိုးရာသီသီးနှံများဖြစ်သော ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ရောင်းချရာတွင်လည်း အခင်းပြတ်ဝယ်ယူစနစ်ဖြင့် ရောက်ရှိလာသည့် ပွဲစားများထံမှ တစ်ဆင့် သက်ဆိုင်ရာမြို့နယ်များသို့ ရောင်းချပေးလျက်ရှိသည်။ ပန်းဂေါ်ဖီ စိုက်ခင်းနှင့် ဂေါ်ဖီထုပ်စိုက်ခင်းတစ်ဧကလျှင် ပျိုးပင်အရေအတွက် ၁၀၀၀၀ မှ ၁၂၀၀၀ အထိ အပင်အရေအတွက်ဖြင့် စိုက်ပျိုးကြသည်။

အဆိုပါ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များကို ဇူလိုင်လပထမပတ်မှစတင်၍ ခူးဆွတ်ရောင်းချပေးလျက်ရှိရာ ယခုဩဂုတ်လပထမပတ်တွင် ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များသည် အများအပြားထွက်ရှိလာပြီဖြစ်၍ မြန်မာနိုင်ငံနေရာဒေသအသီးသီးရှိ ဈေးများသို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (၄၀၅)

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**


၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဆေးဖက်ဝင်ဓာတ်စာ ပဲရာဇာနှင့် လေးဖက်နာ



ပဲရာဇာသည် ဆေးဖက်ဝင်သောဓာတ်စာပဲမျိုးဖြစ်သည်။ တချို့က ပဲရာဇာကို ပဲနီကလေးဟု ခေါ်ကြသည်။ အရပ်ဒေသအလိုက် အခေါ်အဝေါ်ကွာခြားမှုများလည်းရှိသည်။

ရန်ကုန်နှင့် အောက်အရပ်မှ လူနာမိတ်ဆွေများကို ပဲရာဇာဓာတ်စာစားရန်ညွှန်သောအခါ ပဲရာဇာကို မသိ၊ ရှာမတွေ့ဟုပြောသည်။ မန္တလေးမှ လူကြုံနှင့် ပို့ပေးသောအခါ ရန်ကုန်တွင်စားကြသော ပဲဖြူလေးနှင့် အတူတူပဲဟု သိရသည်။

ထိုသို့ ဆိုးဆေးဘေးအန္တရာယ်လွတ်ကင်းအောင် ပဲရာဇာခေါ် ပဲနီကလေး(ဆေးဆိုး) ကို စားမည့်အစား ပဲဖြူလေးကိုစားခြင်းက အန္တရာယ်ကင်း ဘေးရှင်းမည်ထင်ပါသည်။

အမှန်မှာ ပဲရာဇာ(ပဲနီကလေး၊ ပဲဖြူလေး) သည် အလွန်ဆေးဖက်ဝင်ပြီး လူကို အကျိုးပြုသောပဲမျိုးဖြစ်သည်။ ယခုခေတ် အဖြစ်များသော အဆစ်အမျက်ကိုက်ခဲခြင်းမှန်သမျှနှင့် လေးဖက်နာရောဂါအတွက် ထိရောက်သော၊ အစွမ်းထက်သောဓာတ်စာဖြစ်သည်။

**"ပဲရာဇာ(ပဲနီကလေး၊ ပဲဖြူလေး) သည် အလွန်ဆေးဖက်ဝင်ပြီး လူကိုအကျိုးပြုသောပဲမျိုးဖြစ်၊ ယခုခေတ် အဖြစ်များသော အဆစ်အမျက်ကိုက်ခဲခြင်းမှန်သမျှနှင့် လေးဖက်နာရောဂါအတွက် ထိရောက်သော၊ အစွမ်းထက်သောဓာတ်စာဖြစ်၊ သို့သော် တစ်နေ့တစ်ရက်စားရုံမျှဖြင့်မရ။ ရေရှည်စွဲပြီး စားသုံးရန်လို...**

**မြန်မာအမျိုးသမီးကြီးများတွင် တွေ့ရလေ့ရှိသော သွေးဆုံးကိုင်ရောဂါနှင့် အရိုးပွကျီးပေါင်းတက်ရောဂါများအတွက်လည်း အစွမ်းထက်သောဓာတ်စာဖြစ် . . ."**

စာရေးသူ မုန်ညင်းဆီနှင့် ပဲရာဇာ အမြဲဝယ်ယူနေကျ အိန္ဒိယလူမျိုး ဘာဘူကြီးဆိုင်တွင် ပဲရာဇာနှင့် ပဲဖြူလေး ဘာများကွာခြားသလဲဟု မေးကြည့်သောအခါ ပဲရာဇာသည် မူလက ပဲဖြူလေးပင်ဖြစ်ကြောင်း၊ အရောင်လှအောင် အနီရောင်ဆိုးပေးလိုက်သဖြင့် ပဲနီကလေးဟု သိကြကြောင်း၊ အိန္ဒိယနိုင်ငံမှလာသော အစားအစာများမှာ အနီရောင်ဆိုးလေ့ရှိကြောင်း ပြောသည်။

မှန်ပါသည်။ ရှေးယခင်က ချင်းတက်ကို အိန္ဒိယနိုင်ငံမှ တင်သွင်းသည်။ မြန်မာနိုင်ငံ၌ ချင်းမစိုက်ကြသေးပေ။ အိန္ဒိယနိုင်ငံမှလာသော ချင်းတက်များမှာ ဖြူဖွေးနေသည်။ ပရဆေးဆိုင်များတွင် သဘော်ချင်းဟု ခေါ်ကြသည်။ အမှန်မှာ ချင်းတက်ကို မပုပ်အောင်၊ မှိုမတက်အောင် ထုံးရည်ဖျန်းပေးလိုက်သဖြင့် ဖြူဖွေးနေခြင်းဖြစ်သည်။

ချင်းတက်ကို ကိုယ့်နိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်နိုင်သောအခါတွင် အိန္ဒိယနိုင်ငံမှ မမှာတော့ပေ။ သို့သော် သဘော်ချင်း(အိန္ဒိယနိုင်ငံမှလာသောချင်းကိုဆိုလိုသည်) များကို ပရဆေးဆိုင်တွင် ဝယ်နေရဆဲဖြစ်သည်။

အိန္ဒိယနိုင်ငံမှ သဘော်ချင်းနှင့်ပုံစံတူအောင် ချင်းတက်ကို နှစ်ခြမ်းခွဲ၊ အခြောက်လှန်းပြီး ထုံးရည်များများဖျန်းကာ ရှေးမူမပျက် သဘော်ချင်းပြုလုပ်ပြီး ရောင်းနေကြခြင်းဖြစ်သည်။ မြန်မာလူမျိုးများတွင် အစွဲအလမ်းရှိသည်။ ဒါဆို ဒါမှ၊ အသစ် အသစ်ကို တော်ရုံနှင့်ပြောင်းလဲမသုံးကြသောအကျင့်ရှိသည်။

ထို့အတူပင် ပဲဖြူလေးကို ပဲနီကလေးဖြစ်အောင် ဆေးဆိုးရောင်းကြသည်ဟု သိရသည်။ ပဲကို ရေစိမ်လိုက်သည်နှင့် အနီရောင်ဆေးများ ကျွတ်လာကြောင်းတွေ့ရလျှင် သတိပြုရန်လိုသည်။ စားသောက်ကုန်ဆိုးဆေးမဟုတ်ဘဲ ချည်ဆိုးဆေး၊ ပိုးဆိုးဆေးများကို ဈေးပေါပေါဖြင့် သုံးတတ်ကြသဖြင့် ဘေးထွက်ဆိုးကျိုး၊ နောက်ဆက်တွဲဆိုးကျိုးများကို ပဲနီကလေးစားရင်း တွေ့ကြုံရနိုင်သည်။

သို့သော် တစ်နေ့တစ်ရက်စားရုံမျှဖြင့်မရ၊ ရေရှည်စွဲပြီး စားသုံးရန်လိုသည်။

မြန်မာအမျိုးသမီးကြီးများတွင် တွေ့ရလေ့ရှိသော သွေးဆုံးကိုင်ရောဂါနှင့် အရိုးပွကျီးပေါင်းတက်ရောဂါများအတွက်လည်း အစွမ်းထက်သောဓာတ်စာဖြစ်ကြောင်း သိရသည်။

အမျိုးသမီးများသည် အသက် ၄၆ နှစ်မှ ၄၈ နှစ်အတွင်းသွေးဆုံးလျှင် အကောင်းဆုံးဖြစ်သော်လည်း တချို့မှာ အသက် ၅၀ ကျော်မှ သွေးဆုံးကြသည်။ အထူးသဖြင့် အထက်မြန်မာနိုင်ငံ အပူပိုင်းဒေသ၌ နေထိုင်ကြသူ အမျိုးသမီးကြီးများသည် သွေးဆုံးနောက်ကျလေ့ရှိသည်။

အသက် ၅၀ ကျော်ပြီးမှ သွေးဆုံးကြသူများတွင် အနောက်တိုင်းဆေးပညာအယူအဆအရ အရိုးပွရောဂါ၊ AO ခေါ် အရိုးအဆစ်ကိုက်သောရောဂါများ ဖြစ်နိုင်ကြောင်း ဆရာဝန်ကြီးများကပြောသည်။

ရိုးရာဆေးပညာအယူအဆမှာ သွေးဆုံးသောအခါ သားအိမ်တွင် သွေးအစား လေဝင်ရောက်လာပြီး ဗိုက်ဆူလာသည်။ ထိုလေသည် အင်္ဂမင်္ဂနုသာရီဝါယောအဖြစ် ပြောင်းလဲသွားပြီး ကိုယ်ခန္ဓာအနှံ့ အပြားသို့ရောက်ရှိကာ ကိုက်ခဲခြင်းဖြစ်စေသည့် လေပူဖြစ်သည်။

ရှေးမြန်မာအမျိုးသမီးကြီးများသည် ထိုလေပူကို နှိမ်နင်းရန် လေပူနိုင်ဆေးအဖြစ် ရှားစောင်းလက်ပပ် အနှစ်၊ စမုန်မျိုးငါးပါး၊ ထန်းလျက်တို့နှင့်ကျိုကာ တေဆေးစားလေ့ရှိကြသည်။ သွေးဆုံးကိုင်ခြင်းနှင့် သားအိမ်သွေးသွန်ခြင်းများကို ကာကွယ်နိုင်သော ဆေးနည်းဖြစ်သည်။ ရှားစောင်းလက်ပပ်သည် မြန်မာနိုင်ငံအနှံ့ပေါများစွာတွေ့ရပြီး အိမ်တွင် ပန်းအိုးနှင့်စိုက်လျှင်ပင် ရှင်သန်နိုင်သည်။ မီးယပ်ဆေးအတွက်သာမက လေးဖက်နာ၊ အဆစ်နာခြင်းများအတွက်ပါ ဆေးဖက်ဝင်သည်။

ပဲရာဇာအကြောင်း ပြန်ပြောလိုသည်။ နာမည်က ပဲရာဇာဆိုသဖြင့် ပဲတို့၏ဘုရင်ဟုဆိုရမည်လား မသိပေ။ ရှေးက ဆေးဖက်ဝင်သောအပင်၊ အသီးများကို ရာဇာထည့်လေ့ရှိသည်။ ဘုမ္မရာဇာဆိုလျှင် မြေကြီးတွင်ပေါက်သောအပင်တို့တွင် ဘုရင်ဟုဆိုနိုင်သည်။ သွေးတိုးကျဆေးကို ဘုမ္မရာဇာပင်မှ ထုတ်ခဲ့ကြဖူးသည်။

စာရေးသူ တိုင်းရင်းဆေးသိပ္ပံတွင် ပညာသင်ကြားစဉ် သင်တန်းဆရာကြီးတစ်ဦးက လူအများစားလေ့ရှိသော ပဲများထဲမှ ပဲနှစ်မျိုးအကြောင်း နှိုင်းယှဉ်သင်ကြားခဲ့သည်။ ထိုပဲနှစ်မျိုးမှာ ကုလားပဲနှင့်ပဲရာဇာတို့၏ အကျိုးကျေးဇူးအကြောင်းပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံမှလာသော ဆေးပညာအမြင်တွင် ဂရုဂုဏ်နှင့် လဟုဂုဏ်ရှိသောအစာများကို ခွဲခြားရှုမြင်သည်။ ဂရုဆိုသည်မှာ လေးလံခြင်းဖြစ်၍ လဟုဆိုသည်မှာ ပေါ့ပါးခြင်းဖြစ်သည်။ ဂရုဂုဏ်ရှိသော အစာဆိုသည်မှာ ကြေကျက်ခဲပြီး အားဖြစ်စေသော အစာဖြစ်သည်။ လူကိုအားဖြစ်စေသော်လည်း အကြောအဆစ်များကို တောင့်တင်းစေသည်။

ဂရုနှင့်ဆန့်ကျင်ဘက် လဟုဂုဏ်ရှိသော အစာများမှာ လူကိုသိပ်အားမတိုး၊ အားမဖြစ်စေသော်လည်း ကြေကျက်လွယ်သည်။ အစာခြေရလွယ်သည်။ အစာကြေလွယ်သည်။ အကြောအဆစ်များကို ပေါ့ပါးသွက်လက်စေသည်။

ကုလားပဲသည် ဂရုဂုဏ်ရှိသောအစာဖြစ်သည်။ စားသူကို အားဖြစ်စေသည်။ အကြောအဆစ်များကို တောင့်တင်းခိုင်မာစေသည်။ အနောက်တိုင်းအာဟာရသုတေသနအရ ကုလားပဲတွင် ပရိုတင်းဓာတ်များစွာပါသည်။ အသားဓာတ်ပါသောပဲမျိုးဖြစ်သည်။ သက်သတ်လွတ်စားသူပင် ကုလားပဲစားလျှင် အသားဓာတ်အပြည့်အဝရနိုင်သည်။

သို့သော် အဆစ်ရောင်နှင့် လေးဖက်နာရောဂါရှိသူများအတွက် ကုလားပဲမှာ မသင့်ပေ။ အဆစ်အမျက်များကို ပိုပြီးတင်းကျပ်စေနိုင်သည်။ အကြောတက်ရောဂါရှိသူများ၊ အထိုင်များသူများနှင့်လည်း မသင့်ပေ။ ဂရုဂုဏ်ရှိသောအစာများသည် အိပ်ငိုက်တတ်သောသဘောရှိသဖြင့် အဝေးပြေးကားမောင်းသူများသည် ကုလားပဲမစားသင့်ပေ။ ထို့အတူ စာကျက်မှတ်ရသော ကျောင်းသား၊ ကျောင်းသူများလည်း ကုလားပဲကို မစားသင့်ပေ။

ပဲရာဇာ၊ ပဲနီကလေး၊ ပဲဖြူလေးတို့မှာ အထက်ပါ ကုလားပဲနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ လဟုဂုဏ်ရှိသော၊ ပေါ့ပါးသည့်ဂုဏ်ရှိသောအစာဖြစ်သဖြင့် စားပြီးလျှင်လည်း အစာကြေလွယ်သည်။ အိပ်ခြင်း၊ ငိုက်မျဉ်းခြင်းမရှိ၊ အကြောတက်ခြင်းမရှိ၊ နောက်ဆက်တွဲအနေဖြင့် ဝမ်းချုပ်ခြင်းလည်းမရှိပေ။

လေးဖက်နာ၊ အဆစ်ရောင်ဝေဒနာသည်များစွာကို စာရေးသူကုသပေးဖူးသည်။ လေးဖက်နာ၊ အဆစ်ရောင်ရောဂါ၊ ဂေါက်ရောဂါများသည် အမြစ်ပြတ်ပျောက်ကင်းရန် အလွန်ခက်ခဲသည်။ အစားအလွန်ရှောင်ရသည်။ အစားရှောင်နေရင်းကပင် ရာသီဥတုဆိုးလျှင် ရောဂါပြန်ဖြစ်သည်။ တချို့က အေးလျှင် အဆစ်အမျက်ကိုက်သည်။ တချို့က ပူလျှင် အဆစ်ရောင်သည်။ အိပ်ရေးပျက်လျှင်၊ ပင်ပန်းလျှင်လည်း လေးဖက်နာရောဂါပြန်ဖြစ်သည်။

အနောက်တိုင်းဆေးပညာတွင် သွေးစစ်၍ လေးဖက်နာကို A.S.O မြင့်တက်မှုဖြင့်တိုင်းတာပြီး ဂေါက်ခေါ် ခြေမဆစ်၊ ခြေမျက်စိ၊ ဒူးဆစ် စသည့်အဆစ်တစ်ဆစ်တွင် ရောင်သောဂေါက်ရောဂါအတွက် ယူရစ်အက်စစ်(Uric acid) မြင့်တက်မှုနှင့် တိုင်းတာလေ့ရှိသည်။

သို့သော်လည်း တစ်ခါက စာရေးသူ၏ လူနာတစ်ဦးတွင် ခြေမဆစ်ရောင်သော ဂေါက်ရောဂါပြန်ထလာသဖြင့် မေးကြည့်ရာ အစားရှောင်နေကြောင်း၊ ဝမ်းတွင်းသားသာမဟုတ်၊ မည်သည့်အသားမှ မစား၊ ရောင်စေသည့်အစာ၊ ပဲပင်ပေါက်၊ ပဲတီချဉ်၊ မျှစ်၊ မျှစ်ချဉ် အားလုံးရှောင်ပြီး သက်သတ်လွတ်စားနေရင်း ရောင်လာသည်ဟုပြောသည်။ လိမ်းနေကျလိမ်းဆေးနှစ်ရက်၊ သုံးရက်လိမ်းသော်လည်း အရောင်မကျ။ သူစားနေသောအစာကို မေးကြည့်သောအခါ နေ့စဉ်ကုလားပဲဟင်းနှင့် သက်သတ်လွတ်စားနေသည်ဟု ဆိုသည်။

စာရေးသူက သူ့ကို ပဲရာဇာ (ပဲနီကလေး) ပြောင်းစားကြည့်ရန် တိုက်တွန်းသဖြင့် ပြောင်းလဲစားရာ နောက်တစ်ပတ်ခန့်ကြာသောအခါ သက်သာလာကြောင်း ပြောသည်။

ပိုးကြောင့်ဖြစ်သော လေးဖက်နာဖြစ်သဖြင့် အနောက်တိုင်းဆေး Pan V ကို နှစ်ရှည်စားနေရသူတစ်ဦးအား ပဲရာဇာဟင်းချို တစ်လခန့်သောက်ကြည့်ရန် တိုက်တွန်းရာ သက်သာကြောင်း၊ နေပူလျှင် မောသည့်၊ ရင်ထဲမှမွန်းကျပ်သည့် ဝေဒနာပါသက်သာလာကြောင်းပြောသည်။ ပဲရာဇာကို နှစ်ရှည်စွဲစားနိုင်လျှင် ပို၍သက်သာမည်ထင်သည်။

သွေးလေးဖက်နာရှိသူများကို ပဲရာဇာဟင်းချိုသောက်ကြည့်ရန် မညွှန်ရသေးပေ။ ထိုလေးဖက်နာမျိုးမှာ သွေးထဲတွင် ဖောက်ပြန်သောရောဂါဖြစ်သဖြင့် ကုသရခက်သည်။ သို့သော် ဆရာဝန်ပေးသောသောက်နေကျဆေးကိုသောက်ရင်း တစ်ဖက်တစ်လမ်းမှလည်း ဓာတ်စာအဖြစ် ပဲရာဇာဟင်းချိုကို သောက်ပေးစေချင်သည်။ ဓာတ်စာဖြင့် ပျောက်ကင်းသောရောဂါများစွာရှိသည်။

လေးဖက်နာရောဂါ အမျိုးမျိုးရှိသည်။ ကူးစက်ရောဂါမဟုတ်ပေ။ သို့သော် ပျောက်ကင်းရန်လည်း ခက်ခဲသောဝေဒနာမျိုးဖြစ်သည်။ ရောဂါဆိုးလျှင် အလုပ်ပျက်၊ အကိုင်ပျက်ဖြစ်တတ်သည်။ တိကျစွာပျောက်ကင်းသော ဆေးနည်းလည်းမရှိပေ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတအောင်နေထိုင်နိုင်မှသာ သက်သာမည်ဖြစ်သည်။ ယခုစာရေးသူတင်ပြသော ပဲရာဇာ (ပဲနီကလေး၊ ပဲဖြူလေး) ဓာတ်စာစားနည်းကို စမ်းစားကြည့်စေလိုသည်။ သက်သာသွားသည့်သူများရှိမည်ဆိုလျှင် ကုသိုလ်ရသည်ဟု မှတ်ယူပါမည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

ရွှေဘို၊ စိုက်ပျိုးရေး

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ရွှေဘိုမြို့နယ်၌ ပဲတီစိမ်းသီးနှံ ၈၁၄၈ ဧကနှင့် မြင်းမူမြို့နယ်၌ မြေပဲ ၂၀၁၃ ဧက စိုက်ပျိုးပြီးစီး



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲတီစိမ်းသီးနှံ ၈၁၄၈ ဧကနှင့် မြင်းမူမြို့နယ်၌ မြေပဲ ၂၀၁၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ရွှေဘိုမြို့နယ်၌ မိုးကြိုပဲတီစိမ်း ၁၀၂၀၄ ဧကနှင့် မိုးပဲတီစိမ်း ၁၆၄၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့အထိ မိုးကြိုပဲတီစိမ်း ၅၄၉၇ ဧကနှင့် မိုးပဲတီစိမ်း ၂၆၅၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မိုးကြိုပဲတီစိမ်းနှင့် မိုးပဲတီစိမ်းစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြင်းမူမြို့နယ်တွင် မြေပဲဧက ၂၅၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၂၀၁၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျကာ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိသည်။

အဆိုပါ မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနိုင်ရေး ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ (၄၀၉)

ကြံခင်း၊ လူမှုရေး

## အခြေခံပညာမူလတန်းကျောင်း(ကိုင်းသာ)တွင် စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း (ကိုင်းသာ) တွင် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မေသဥ္ဇာနှင်းက စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသား၊ ကျောင်းသူများဖြစ်ပေါ်လာစေရေး၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရေး၊ မူလတန်းအရွယ်မှစ၍ ပုံပြင်ဖတ်ခြင်းမှသုတ၊ ရသစာအုပ်ကောင်းများကို လေ့လာဖတ်ရှုသည့်အကျင့်ကောင်းများ ရရှိနိုင်စေရေးစသည့်အလေ့အကျင့်ကောင်းများရရှိလာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ကျေးရွာများရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကာ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်မေသဥ္ဇာနှင်း၊ ရုပ်သံကျွမ်းကျင်-၃ ဒေါ်မိုးမိုးစန်းနှင့် ရုံးအကူ ဒေါ်ဆုရည်နန္ဒာတို့က ကျောင်းသား၊ ကျောင်းသူများအား ပုံပြင်ဖတ်ပြခြင်း၊ ကဗျာများသီဆိုခြင်းနှင့် ရသစာအုပ်များ ငှားရမ်းပေးခြင်းတို့ကိုဆောင်ရွက်ပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

## ညီညွတ်သည်ကား ပြည့်စွမ်းအား

❖ ညီညွတ်သည်ကား၊ ပြည့်စွမ်းအားဟု
ခေါ်ပြောမှတ်သွင်၊ အချက်လျှင်သည်
စိတ်ရှင်ချမ်းမြေ့၊ အစတည်း။
နိမိတ်သွင် စွမ်းပေ့အလှတည်း။

❖ စိတ်ရှင်ချမ်းမြေ့၊ အစလေ့ကား
ထားပေ့ဝါဒ၊ ခွင့်တူရနှင့်
ဆောင်ကြနိုးနှော၊ ရိုးသားတည်း။
နှောင်မျှကြီးသော အဖိုးအားတည်း။

❖ နှီးနှောကြရာ၊ စည်းကမ်းပါ၍
နည်းမှာကောင်းလျှင်၊ မှန်ကန်ခြင်းနှင့်
မြန်အလျင်းတိကျ၊ ကြိုးစားတည်း။
မာန်တင်းရိုကြ တိုးပွားတည်း။

❖ အရေးကြီးသား၊ တိုင်းတစ်ပါး၏
သွေးများခွဲဟူ၊ မြသည့်မူကို
တစ်အူထုံ့ဆင်း၊ သတိ ခင်း၍
သိခြင်းမည်ရာ၊ နိုးကြားတည်း။
ရှိရင်းတည်လာ အမျိုးအားတည်း။

❖ ခေတ်နှင့် ညီကြောင်း၊ တိုင်းပြည်ကောင်းအောင်
အဖြစ်ပေါင်းမည်စွ၊ စုစည်းကြ၍
ဝတ္တရားတာဝန်၊ များကျေပွန်ကာ
အမွန်ထမ်းရွက်၊ တည်မပျက်ကား
ဆက်လက်တည်ထောင် တိုက်တွန်းတည်း။
အသက်ထက်ပြည်ထောင် ထိုက်လွန်းတည်း။ ။

**မောင်အောင်ဝေ(ညောင်ခြေထောက်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

ရန်ကုန်၊ စီးပွားရေး

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၈၀၀ ကျော်တင်ပို့နိုင်



မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၈၀၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၁၈၈၅ ဒသမ ၁၁ တန် တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၅၇ သန်း ရရှိခဲ့ပါတယ်''ဟု ၎င်းကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၁၅၇၉ ဒသမ ၆၅၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၂၉ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၃၀၅ ဒသမ ၄၅၅ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂၈ သန်းရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်း ပုစွန်မက်ထရစ်တန် ၁၈၈၅ ဒသမ ၁၁ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၅၇ သန်း ရရှိထားခြင်းဖြစ်သည်။

ပြည်တွင်းမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှ တစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**စောယု**

ရန်ကုန်၊ အသိပညာပေး

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ယာဉ်လမ်းအန္တရာယ်ကင်းရှင်းစွာသွားလာတတ်စေရန် ရည်ရွယ်၍ ဩဂုတ်လ ၈ ရက်တွင် ယာဉ်ထိန်းတပ်ဖွဲ့စု(၂၅)မှ ဒုတိယရဲမှူးအေးသန်း၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဖွဲ့ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးသိန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ယာဉ်ထိန်းတပ်ဖွဲ့စု(၂၅)မှ ဒုတိယရဲမှူးအေးသန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၂၅)မှ ဒုတိယရဲမှူးအေးသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

ရန်ကုန်၊ ကျေးလက်ဖွံ့ဖြိုးရေး

# ခရမ်းမြို့နယ် ခြောက်အိမ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို ဩဂုတ်လ ၈ ရက်တွင် တာဝန်ရှိသူများက ပျဉ်းမကုန်းကျေးရွာအုပ်စု ခြောက်အိမ်တန်းကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခြောက်အိမ်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးအတွက် ငွေကျပ် ၂၉၄ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

ပွင့်ဖြူ၊ စိုက်ပျိုးရေး

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲကို သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲကို သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားသုံးဆီဖူလုံပို လျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန်ရည်ရွယ်၍ တစ်မြို့နယ်လုံး မြေပဲ ၁၆၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လဆန်းပိုင်းမှ စတင်စိုက်ပျိုးခဲ့ရာ ၃၃၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

''ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေဖို့၊ တောင်သူတွေသီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတိုးတက်မြင့်မားစေဖို့ ရည်ရွယ်ပြီး နှမ်း၊ မြေပဲ၊ နေကြာ စတဲ့ဆီထွက်သီးနှံစုံ ၁၅၉၈၆ ဧက လျာထားစိုက်ပျိုးနေပါတယ်။ ဆီထွက်သီးနှံတွေထဲမှာ မြေပဲကို ၁၆၆၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၃၃၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေ အဆင်ပြေစွာစိုက်ပျိုးနိုင်အောင်၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးနည်းပညာတွေ ကူညီဆောင်ရွက်ပေးပါတယ်''ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူများက တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဆက်စပ်ဌာနများက လိုအပ်သည့်စိုက်ပျိုးရေးနည်းပညာများကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

## ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၆ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိပြီး တံခွန်စိုက်ဖလားဆွတ်ခူး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၈**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၆ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်၊ ခွန်စံလွင်နှင့် ဒေါက်တာဘရွှေတို့က အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းအားကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုရရှိကြသူများကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီဝင်ဒေါက်တာမှုထန်က စတုတ္ထဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကိုလည်းကောင်း၊ ကောင်စီဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ကောင်စီဝင် ဒေါ်ဒွဲဘူက ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်အမျိုးသားဘောလုံး ပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းမှ အားကစားသမားများက ဇူလိုင်လ ၂၃ ရက်မှဩဂုတ်လ ၈ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်း အောင်ပွဲခံနေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၈

## ASEAN Sports Day 2024 အထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ



ASEAN Sports Day အထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် အပြေးအားကစား ပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp) မှအားကစားသမားများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပြေးလမ်းအတိုင်း စုပေါင်းလမ်းလျှောက်၍ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက်ပြေးခုန်ပစ်အပြေးအားကစား ပြိုင်ပွဲများအဖြစ် အမျိုးသား/အမျိုးသမီး (မီတာ ၁၀၀ ပြိုင်ပွဲ၊ မီတာ ၄၀၀ ပြိုင်ပွဲ၊ မီတာ ၈၀၀ ပြိုင်ပွဲ၊ မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်း) ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာနေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ အားကစားသမားများ၏ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပါဝင်ဆင်နွှဲခဲ့သူများကို အဆာပြေအအေးနှင့်မုန့်များပေးဝေခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးကျော်ထွေးကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၂၉.၇˚C |
| ရန်ကုန် | ၂၄˚C | / | ၃၂.၅˚C |
| မန္တလေး | ၂၇˚C | / | ၃၇.၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဩဂုတ် ၈

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေး ခရီးစဉ်များသို့ နေပြည်တော်ကိုယ်စားပြုတက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတွေ့ဆုံ

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များသို့ နေပြည်တော်ကိုယ်စားပြုတက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် ကိုယ်စားပြုတက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်များအနေဖြင့် မိမိတို့လေ့လာသိရှိမှတ်သားထားသည့်အချက်များ၊ အတွေ့အကြုံများ၊ ဗဟုသုတများကို အကောင်းဆုံး တင်ပြဆွေးနွေးကြရန် လိုအပ်ကြောင်း၊ ဆွေးနွေးအကြံပြုချက်များကို သေချာစွာ လေ့လာမှတ်သားထားပြီး မိမိတို့ဘဝ တက်လမ်းအတွက်သာမက နေပြည်တော်ရှိ လူငယ်များ ဘဝရှေ့ရေးအတွက် အကောင်းဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များမှ ရရှိလာမည့် အတွေ့အကြုံ၊ ဗဟုသုတများ၊ အသိပညာများကို မိမိတို့နှင့် သက်ဆိုင်သည့် နယ်ပယ်များ၌ ထပ်ဆင့်ပြန်လည်မျှဝေပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော်လူငယ်ရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်စိုးလင်းက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များ၏ အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ တက်ရောက်မည့် လူငယ်များကို ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့်ကုန်စျေးနှုန်းတည်ငြိမ်စေရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကုန်သွယ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်ဦးဇေယျာလင်းက နေပြည်တော်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက နေပြည်တော်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့် ကုန်စျေးနှုန်းတည်ငြိမ်စေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

ထွန်းထွန်းဝင်း(ပြန်/ဆက်)

### ၈-၈-၂၀၂၄ ထူးခြားသည့် နေ့အပူချိန်များ

| | | | |
|---|---|---|---|
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၈ ဒသမ ဝ ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည် | ၃၆ ဒသမ ဝ ဒီဂရီဆဲလ်စီးယက် |
| | | ကျောက်ဆည် (လွန်ကျော်) | ၃၆ ဒသမ ဝ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် | | |
| မန္တလေး | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၆ ဒသမ ဝ ဒီဂရီဆဲလ်စီးယက် | ရေဦး | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအားမသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့တပ်မတော်အမှန်ဖြစ်သည် နိုင်ငံ့တပ်မတော်အမှန်ဖြစ်သည်



မြန်မာနိုင်ငံရဲ့အတိတ်သမိုင်းမှာ နယ်ချဲ့တို့ရဲ့ ကျူးကျော်ကျွန်ပြုမှုကိုခံခဲ့ကြရပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေအားလုံးနိမ့်ကျခဲ့ကြရပါတယ်။ နယ်ချဲ့တို့ကမတတ်သာလို့ လက်လွှတ်ပေးလိုက်ရပေမယ့် မြန်မာတွေရဲ့စိတ်ထားနူးညံ့မှု၊ ယုံကြည်လွယ်မှုကိုအသုံးချပြီး မြန်မာကိုမြန်မာအချင်းချင်း အထင်အမြင်သေးစေအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြတာကိုတွေ့ရပါတယ်။ လွတ်လပ်ရေးရပြီးနောက်မှာ ခေတ်သစ်နယ်ချဲ့လက်ပါးစေတွေရဲ့ တိုက်ခိုက်အပုပ်ချမှုတွေနဲ့ နိုင်ငံသားအချင်းချင်း အမြင်မကြည်လင်အောင်လည်း ဆက်ပြီးလုပ်ခဲ့ကြပါတယ်။

အာဏာရှင်မုန်းတယ်လို့ကြွေးကြော်ခဲ့ပြီး အာဏာရှင်ဆန်ဆန်လုပ်ဆောင်ခဲ့တဲ့ အစိုးရတစ်ရပ်ရဲ့လက်အောက်မှာ ရည်ရွယ်ချက်ရှိရှိ ပြည်သူနဲ့တပ်မတော်ကိုသွေးခွဲခဲ့ကြပါတယ်။ ဒီ့တာဝန်အရေးသုံးပါးဦးထိပ်ထားပြီး နိုင်ငံအတွက် အသက်ပေးကာကွယ်ကြဖို့ သစ္စာပြုခဲ့တဲ့သူတွေကို ပြက်ရယ်ပြုဖို့၊ နှိမ့်ချဖို့၊ ခွဲခြားဆက်ဆံဖို့ အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံအပေါ်စေတနာနည်းပါးပြီး စိတ်ထားညံ့ဖျင်းသေးသိမ်တဲ့လူတစ်စုကလည်း သောင်းသောင်းဖြဖြထောက်ခံခဲ့ကြပါတယ်။

ပုဂ္ဂိုလ်ရေးမုန်းတီးမှု၊ အာဃာတကြီးမားစွာ လှုံ့ဆော်မှုတွေနဲ့ လူငယ်တွေကို စနစ်တကျဖျက်ဆီးခဲ့ကြပါတယ်။ လူပုဂ္ဂိုလ်နဲ့ နိုင်ငံတော်ကို ခွဲခြားမမြင်နိုင်တော့ဘဲ တစ်ဖက်သတ်ဘက်လိုက်ကြရင်းက နိုင်ငံကို ခက်ခဲအောင် တစ်ဆင့်ပြီးတစ်ဆင့်လုပ်ဆောင်လာကြပါတယ်။ အခုအချိန်မှာ အဘက်ဘက်က ကျပ်တည်းမှုတွေ ရင်ဆိုင်နေကြရပါပြီ။ ဘာကြောင့်ဖြစ်ရတယ်လို့ မဆန်းစစ်တော့ဘဲ ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့်လို့ အပြစ်ပုံချနေတာတွေကိုလည်း တွေ့မြင်နေရပါတယ်။ အပြစ်တင်နေမယ့်အစား အရေးကြီးနေတဲ့အချိန်မို့ သွေးစည်းကြပါစို့လို့ တိုက်တွန်းချင်ပါတယ်။ မြန်မာတွေ အိပ်မက်ကနိုးထဖို့အချိန်တန်ပါပြီ။

ကြမ်းတမ်းခဲ့တဲ့ နိုင်ငံ့လွတ်လပ်ရေးခရီးကိုကြည့်ရင် မြန်မာ့မျိုးချစ်တပ်မတော်၏အခန်းကဏ္ဍကို လေးစားဦးညွှတ်ဖွယ်ရာ တွေ့မြင်ရပါတယ်။ နိုင်ငံလွတ်လပ်ရေးအတွက် အသက်ကိုပေးဆပ်မယ်ဆိုတဲ့ မဆုတ်မနစ်တဲ့ အဓိဋ္ဌာန်တွေနဲ့ လူငယ်လူရွယ်တိုင်း မြန်မာ့တပ်မတော်ထဲကိုဝင်ခဲ့ကြပါတယ်။ နယ်ချဲ့ကို တိုက်ထုတ်တဲ့အခါ အသက်စွန့်ရနိုင်တယ်ဆိုတာသိတယ်။ တိုင်းတစ်ပါးလက်အောက်မှာနေရတာထက် လွတ်လပ်ရေးအတွက် လိုအပ်ရင် အသက်ကိုစွန့်မယ်ဆိုတဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်ကိုချပြီး တိုက်ပွဲဝင်ခဲ့ကြတယ်။ တစ်မျိုးသားလုံးကလည်း ခိုင်မာညီညွတ်တဲ့ လွတ်လပ်ရေးရလိုတဲ့စိတ်ထားနဲ့ မြန်မာ့တပ်မတော်အပေါ် ထောက်ခံယုံကြည်ခဲ့တဲ့အတွက် လုံးဝလွတ်လပ်ရေးရရှိခဲ့ပါတယ်။

လူတိုင်း မိမိအသက်ကိုနှမြောကြတဲ့သူတွေချည်းပါပဲ။ တစ်ဘဝတစ်ခန္ဓာမှာ မိမိတန်ဖိုးထားတဲ့အသက်ကိုတောင် စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားကြတဲ့ သမိုင်းအဆက်ဆက်က မြန်မာ့တပ်မတော်သားများရဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးဘာသာ၊ သာသနာကိုစောင့်ရှောက်လိုတဲ့စိတ်ထားကို ယုံကြည်လေးမြတ်စွာဦးညွှတ်အလေးပြုပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက မြန်မာ့လွတ်လပ်ရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ အမြဲတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အင်အားရှိနေဖို့လိုအပ်တဲ့အကြောင်း တိုင်းပြည်ကို မိန့်ခွန်းပြောကြားခဲ့တဲ့အခါမှာ "မြန်မာပြည်ကာကွယ်ရေးလို့ ကျွန်တော်တို့ဘာ့ကြောင့်ပြောသလဲ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့နိုင်ငံကို မချဲ့ချင်ဘူး။ မြေတွေကိုလည်း တိုက်ပြီးမယူချင်ဘူး။ ကျွန်တော်တို့ နယ်မချဲ့ချင်ဘူး။ ကျွန်တော်တို့မြန်မာပြည်ကို ကာကွယ်ချင်တယ်။ ကျွန်တော်တို့နိုင်ငံ အမြဲတမ်းတောင့်တင်းနိုင်သမျှ တောင့်တင်းအောင်လုပ်မယ်။ မြန်မာပြည်ကိုကာကွယ်ဖို့ ကျွန်တော်တို့ ဘာလိုသလဲ။ စစ်တပ်တွေ သေချာပေါက်လိုတယ်။ ဒီတပ်တွေထဲမှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေပါတယ်။ မြန်မာပြည်ရဲ့ အဓိကလုပ်ငန်းဟာ ကာကွယ်ရေးပထမ၊ ကာကွယ်ရေးဒုတိယနဲ့ ကာကွယ်ရေးဟာနောက်ဆုံးဖြစ်တယ်"လို့ တိုင်းပြည်အင်အားရှိဖို့ တပ်မတော်အင်အားရှိအောင် တည်ဆောက်ရမယ်လို့ ပြတ်ပြတ်သားသား မိန့်ကြားခဲ့ပါတယ်။ အဲဒီစကားအတိုင်း ရှေးကတည်းက မြန်မာနိုင်ငံသားတွေဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာတာဝန်ထမ်းဆောင်ကြပါတယ်။

လက်ရှိမှာ သဘာဝဘေးဒဏ်များဖြစ်တဲ့ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်းများ ကြုံတွေ့ရရင် ချက်ချင်းအရောက်လာပြီး အင်တိုက်အားတိုက်ကူညီသူတွေက တပ်မတော်သားတွေဖြစ်ပါတယ်။ မူလတာဝန်တွေကို ကျေပွန်ရုံသာမကဘဲ အများပြည်သူကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေကို မေတ္တာအပြည့်နဲ့ ဆောင်ရွက်နေကြတာကိုလည်း အားတက်ဖွယ်မြင်တွေ့နေရပါတယ်။ ခေတ်သစ်နယ်ချဲ့တွေရဲ့ ရည်ရွယ်ချက်ရှိရှိ သွေးခွဲသပ်လျှိုမှုတွေကြောင့် စည်းလုံးညီညွတ်မှုအားနည်းပျက်ပြားလာကြတာကိုလည်း အကဲခတ်မိကြမယ်ထင်ပါတယ်။ "တစ်လုပ်စားဖူး သူ့ကျေးဇူး" လို့ပြောကြပါတယ်။ တပ်မတော်သားတွေရဲ့ အသွေးအသားနဲ့ရင်းပြီး ကာကွယ်ပေးကြလို့ အချုပ်အခြာအာဏာတည်တံ့နေတဲ့ ကျေးဇူးတွေကတော့ ဆပ်လို့မကုန်နိုင်တဲ့ကျေးဇူးတွေပါပဲ။ ကျေးဇူးမဆပ်နိုင်ရင်တောင်မှ ကျေးဇူးမဲ့စကားတွေ မပြောသင့်ပါဘူး။ ချစ်သင့်သူကိုမချစ်ဘဲ မချစ်သင့်တဲ့ သောင်းကျန်းသူကို ချစ်ခင်အားပေးမိရင်တော့ နိုင်ငံပျက်စီးအောင် လုပ်ဆောင်တာနဲ့အတူတူပါပဲ။ စစ်ဘေးစစ်ဒဏ်သင့်တဲ့ပြည်သူတွေ ဘယ်ဘက်ကိုပြေးရှောင်ကြလဲဆိုတာကိုကြည့်လိုက်ရင် ဘယ်သူက စောင့်ရှောက်တယ်။ ဘယ်သူ့ဆီမှာလုံခြုံတယ်ဆိုတာ သက်သေပါပဲ။

လူမှုကွန်ရက်စာမျက်နှာတွေမှာ သတင်းတုသတင်းမှားတွေဖြန့်ဝေရုံမက နိုင်ငံအတွက်အသက်ပေးပြီးတာဝန်ထမ်းဆောင်နေသူတွေကို ပြက်ရယ်ပြုနေကြတာကိုလည်း ပြင်းပြင်းထန်ထန်ကန့်ကွက်ပါတယ်။ မိမိအပါအဝင် နိုင်ငံသားတိုင်းမှာရှိတဲ့ နိုင်ငံကာကွယ်ရေးတာဝန်ကို နိုင်ငံကြီးသားမပီသတဲ့စိတ်နဲ့လျစ်လျူရှုပြီး သောင်းကျန်းသူတွေကို လက်ခုပ်ဩဘာတီး အားပေးနေကြတဲ့သူတွေကို အမိမြေနဲ့ မထိုက်တန်သူတွေအဖြစ် သတ်မှတ်ပါမယ်။

**ယနေ့ဖြစ်ပေါ်နေသောနိုင်ငံရေးအခြေအနေများအရ နိုင်ငံသားတွေအားလုံး သွေးစည်းကြဖို့အထူးလိုအပ်ပါပြီ။ နိုင်ငံတိုးတက်အောင်မကူညီဘဲ သောင်းကျန်းသူလောက်ကောင်တွေကိုအားပေးပြီး ပြည်ထောင်စုကိုဖျက်ဆီးမယ့် အကြံဆိုးတွေကို လက်မခံပါကြောင်းနဲ့ ပြည်သူတွေနှလုံးစိတ်ဝမ်းအေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ မြန်မာ့တပ်မတော်ကို လေးလေးနက်နက်ပြတ်ပြတ်သားသား ထောက်ခံအားပေးပါကြောင်း . . .**

မြန်မာတွေရဲ့ ယဉ်ကျေးမှုသမိုင်းကိုကြည့်ရင် နှစ်တစ်ထောင်သမိုင်းလား၊ နှစ်နှစ်ထောင်သမိုင်းလား။ ပျူယဉ်ကျေးမှုကိုကြည့်မလား။ ပုဂံအကြောင်းကိုပြောကြမလား။ အဆင့်အတန်းမြင့်တဲ့ယဉ်ကျေးမှုကိုပိုင်ဆိုင်ခဲ့ကြပါတယ်။ သယံဇာတကိုကြည့်မလား။ ရေမြေတောတောင်သဘာဝကိုကြည့်မလား အဘက်ဘက်က ပြည့်စုံပါတယ်။ ပထဝီအနေအထားအရကောင်းမွန်ပြီးအချက်အချာကျတဲ့ ဒီမြေဒီရေကို လက်ဝါးကြီးအုပ်ကြိုးကိုင်ခြယ်လှယ်ချင်လို့ ပြည်တွင်းကို မငြိမ်မသက်ဖြစ်အောင်၊ စည်းလုံးမှုပျက်ပြားအောင်လုပ်နေကြတာဖြစ်တယ်လို့ နိုင်ငံသားအားလုံးကို မြင်အောင်ကြည့်စေချင်ပါတယ်။

ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများအရနိုင်ငံသားတွေအားလုံး သွေးစည်းကြဖို့အထူးလိုအပ်ပါပြီ။ နိုင်ငံတိုးတက်အောင်မကူညီဘဲ သောင်းကျန်းသူလောက်ကောင်တွေကို အားပေးပြီး ပြည်ထောင်စုကိုဖျက်ဆီးမယ့် အကြံဆိုးတွေကို လက်မခံပါကြောင်းနဲ့ ပြည်သူတွေနှလုံးစိတ်ဝမ်းအေးချမ်းမှုကိုဆောင်ကြဉ်းပေးနိုင်တဲ့ မြန်မာ့တပ်မတော်ကို လေးလေးနက်နက် ပြတ်ပြတ်သားသား ထောက်ခံအားပေးပါကြောင်း ဒီဆောင်းပါးကတစ်ဆင့် အမှာစကားပါးချင်ပါတယ်။

မြန်မာ့တပ်မတော်သားတွေဆိုတာ နိုင်ငံတော်လွတ်လပ်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့သူတွေဖြစ်တယ်။ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့သမျှ နိုင်ငံ့ရန်စွယ်တွေကို ရှုပ်ရှုပ်ချွံချွံတွန်းလှန်ဖယ်ရှားခဲ့သူတွေဖြစ်တယ်။ လွတ်လပ်ရေးအခွန့်ရှည်တည်တံ့အောင် ကာကွယ်စောင့်ရှောက်နေသူတွေဖြစ်တယ်။ ပြည်သူလူထုရဲ့ ဆင်းရဲဒုက္ခမှန်သမျှကို မျှဝေခံစားခဲ့ သူတွေဖြစ်တယ်။ အမျိုးသားအကျိုးစီးပွားကို ထာဝစဉ်စောင့်ရှောက်နေသူတွေလည်း ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်သားများရဲ့ ဆောင်ရွက်ချက်မှန်သမျှအတွက် လှိုက်လှဲဝမ်းသာဂုဏ်ယူလျက်ရှိပါကြောင်းလည်း ဒီနေရာကတင်ပြလိုက်ပါတယ်။ ရဲဘော်တို့ဆင်နွဲနေတဲ့ တရားသောစစ် ပြတ်ပြတ်သားသား အနိုင်ရရှိအောင်မြင်ပါစေကြောင်း မေတ္တာများစွာနဲ့ ဆုတောင်းပေးနေပါတယ်။

လက်ရှိကြုံတွေ့နေကြရတဲ့အဆိုးတွေကို သင်ခန်းစာယူပြီး နောက်နောင် နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့ အကျိုးကိုထိခိုက်နစ်နာစေတဲ့ အပြောအဆိုအကြံအတွေးတွေနဲ့ အကျိုးမဲ့တဲ့ဆောင်ရွက်ချက်တွေ မပြုလုပ်မိစေအောင် နောင်လာနောက်သားတွေကို ဆုံးမပဲ့ပြင်ပေးဖို့ မိဘဆရာသမားတွေမှာ တာဝန်ရှိပါကြောင်းနဲ့ တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ပါစေကြောင်းကိုလည်း မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမှာဖြစ်ပါတယ်။ တပ်မတော်အင်အားရှိဖို့ စိတ်ခွန်အားနဲ့ပဲ ဖြစ်ဖြစ်ကူညီကြပါစို့။ မြန်မာ့တပ်မတော်ဆိုတာ ပြည်သူ့တပ်မတော်ဖြစ်ပါတယ်။ နိုင်ငံတစ်ခုရဲ့အင်အားစစ်စစ် ဖြစ်ပါတယ်။ ပြည်သူကမွေးတဲ့သားကောင်းသမီးမွန်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ နိုင်ငံတော်ကိုချစ်သူတိုင်း နိုင်ငံ့တပ်မတော်အင်အားရှိဖို့ အားပေးကူညီကြပါစို့။ တို့နိုင်ငံကိုတို့ကာကွယ်ဖို့ တို့မြန်မာ့မျိုးချစ်တပ်မတော်ကို ဝင်ရောက်ကြပါစို့လို့ နှိုးဆော်တိုက်တွန်းလိုက်ရပါတယ်ရှင်။ ။

**ခင်ခင်မျိုးချစ်(နေပြည်တော်)**

နေပြည်တော်  ဩဂုတ်  ၈

# စပါး-ငါးပေါင်းစပ်မွေးမြူခြင်းမှုရရှိသည့် ဂေဟဗေဒ ဝန်ဆောင်မှုတန်ဖိုးအပေါ်လေ့လာမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ



စပါး-ငါးပေါင်းစပ်မွေးမြူခြင်းမှုရရှိသည့် ဂေဟဗေဒ ဝန်ဆောင်မှုတန်ဖိုးအပေါ် လေ့လာမှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရုံးအမှတ် (၃၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ညွှန်ကြားရေးမှူး ချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမ များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက စပါးခင်းများ အတွင်း ငါးထည့်သွင်းမွေးမြူခြင်းမှာ မိရိုး ဖလာနည်းတစ်ခုဖြစ်ပြီး တောင်သူမိသားစု အဝိုင်ဝင်ငွေရရှိစေရန်နှင့် စားရေရိက္ခာ ဖူလုံစေရန် ဆောင်ရွက်လေ့ရှိကြောင်း၊ မျက်မှောက်ကာလတွင် အာရှတိုင်းပြည် များ၌ စပါးခင်းများအတွင်း ငါးထည့်သွင်း မွေးမြူခြင်းကို အကျိုးအမြတ်ရရှိစေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တွင်တွင် ကျယ်ကျယ်လုပ်ကိုင်လျက်ရှိကြကြောင်း ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဦးစီးမှူး ဒေါက်တာအာကာမျိုးက လုပ်ငန်းဆောင် ရွက်မှုကို ဖတ်ကြားတင်ပြသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာအာကာမျိုး၏ ပါရဂူဘွဲ့ စာတမ်း ဖြစ်သော စပါး-ငါးပေါင်းစပ် မွေးမြူခြင်း မှုရရှိသည့် ဂေဟဗေဒဝန်ဆောင်မှုတန်ဖိုး အပေါ် လေ့လာမှုစာတမ်းကို ဌာနဆိုင်ရာ များနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ဘာသာရပ်အလိုက် ကျွမ်းကျင်သူ ပညာရှင်များအားဖိတ်ခေါ်၍ အသိပညာ ဗဟုသုတများ ဖလှယ်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

(မဝ)

ရန်ကုန်  ဩဂုတ်  ၈

# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူ စာပေဆုချီးမြှင့်ပွဲအခမ်းအနား ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပမည်

အကြိမ်(၃၀) မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သောပခုက္ကူစာပေတစ်သက် တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုရရှိသူများစာရင်းကို ဖွန်လ ၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆုရရှိသူများအား ချီးမြှင့်မည့် အခမ်းအနား ကို ဩဂုတ်လ ၂၄ ရက် နံနက် ၁၀ နာရီတွင် အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန် မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ် ပါသည်။ ဆုချီးမြှင့်ခံရသူများကို အခမ်း အနားတက်ရောက်ရန် နှိုးဆော်ထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး၊ စီမံရေးရာဌာန၊ ဖုန်း ၀၁-၈၃၈၀၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိ ပါသည်။

(သတင်းစဉ်)

ရန်ကုန်  ဩဂုတ်  ၈

# ယူအေအီးနိုင်ငံတွင်အခက်အခဲကြုံတွေ့ နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများ အပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ် ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့က သက်ဆိုင် ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိ နိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိ နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ သည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေ အီးနိုင်ငံ အဘူဒါဘီမြို့သို့ သွားရောက် အလုပ်လုပ်ကိုင်စဉ်အခက်အခဲကြုံတွေ့နေ ရသည့် မြန်မာနိုင်ငံသူ မအိအိထွန်းနှင့် မအိဇင်ထွန်းတို့ ညီအစ်မနှစ်ဦးအား အမိ နိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင် ရေး မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုအရ မြန်မာ နိုင်ငံသို့ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာ နိုင်ငံသူနှစ်ဦးသည် ဩဂုတ်လ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း - ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့သည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပ၌အလုပ်လုပ်ကိုင် စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာ နိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ် ရုံးနှင့် မြန်မာသံရုံးတို့၏ ညှိနှိုင်းကူညီ ဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေ ရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ် သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော် အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာအထူး ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ-ကနွေးညိမ်းသူ

(သတင်းစဉ်)



နေပြည်တော်  ဩဂုတ်  ၈

# စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာဝန်ဆောင်မှုလုပ်ငန်းများကို ICT နည်းပညာဖြင့် ထိရောက်စွာအသုံးချဆောင်ရွက်သွားမည်

ICT နှင့် e-government လုပ်ငန်းများ တိုးတက် အကောင်အထည်ဖော်ဆောင် ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ စိုက်ပျိုးရေး ဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ ဌာနခွဲညွှန်ကြားရေးမှူးနှင့် ICT ကျွမ်းကျင်သူ အရာထမ်းများတက်ရောက် ကြသည်။



အစည်းအဝေးတွင် နိုင်ငံတော်က ICT နှင့် e-government လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ငင်းဆောင်ရွက်၍ရသော တောင်သူ ပညာပေးကဏ္ဍများအတွက် ချက်ချင်း အကောင်အထည်ဖော်ရန်နှင့် သတင်း အချက်အလက်များမှန်ကန်ရေး၊ အချိန်နှင့် တစ်ပြေးညီတင်ပြနိုင်ရေး ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ ယခင်ရှိပြီး ပညာပေး စာအုပ်စာစောင်စာတမ်းများမှ remake (အသစ်) ပြုလုပ်၍ e-book အဖြစ် website တွင်လွှင့်တင်၍ ကြည့်ရှုလေ့လာနိုင်ရေး ဆောင်ရွက် ပေးသွားမည်ဖြစ် ကြောင်း ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်း က ပြောသည်။

တောင်သူလယ်သမားများနှင့် စိုက်ပျိုး ရေးလုပ်ငန်း ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူအားလုံး အကျိုးစီးပွား တိုးတက်အောင်မြင်ရေးအတွက်စိုက်ပျိုးရေး ဦးစီးဌာန၏ နည်းပညာဝန်ဆောင်မှု လုပ်ငန်းများကို ICT နည်းပညာဖြင့် ထိရောက်စွာ အသုံးချဆောင်ရွက်သွား မည်ဖြစ်ကြောင်းသိရသည်။

စိုက်ပျိုးရေးနည်းပညာများ၊ စျေးကွက် သတင်းများ၊ ရာသီဥတုနှင့် သဘာဝဘေး ဆိုင်ရာများ သတင်းအချက်အလက်နှင့် နှိုးဆော်ချက်များကို မိုဘိုင်းဖုန်းအသုံးပြု လူမှုကွန်ရက်မီဒီယာများတွင် အချိန်နှင့် တစ်ပြေးညီ ဖော်ပြပေးခြင်း၊ ဝက်ဆိုက် စာမျက်နှာများတွင် အလွယ်တကူ ဝင်ရောက်လေ့လာနိုင်ရန် စီမံဆောင် ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သိရှိ လိုသည်များမေးမြန်းနိုင်ရန် doa. agrichatbot application ရေးဆွဲ ဖြန့်ဝေ ပေးရန် စိုက်ပျိုးရေးဦးစီးဌာနက ဆောင် ရွက်လျက်ရှိသည်။

လက်ရှိတွင် social media များတွင် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက် နှင့် နည်းပညာများလွှင့်တင်ထားသကဲ့သို့ website တွင်လည်း စိုက်ပျိုးရေး ပညာပေး ကဏ္ဍများ၊ သတင်းများ၊ e-book များ လွှင့်တင်ထားပြီး ဆက်လက်၍ agrichatbot application ကိုလွှင့်တင်သွားမည်ဖြစ် ကြောင်း သိရသည်။

လေးလေးသန်း၊
ဓာတ်ပုံ(စိုက်ပျိုးရေး)

ရန်ကုန် ဩဂုတ် ၈

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား လာရောက်တွေ့ဆုံ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့နယ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ လာရောက်တွေ့ဆုံသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးက အိန္ဒိယနိုင်ငံနှင့် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းနှင့် လေကြောင်းကုန်သွယ်ရေးဆောင်ရွက်မည့်ကိစ္စရပ်များ၊ ယဉ်ကျေးမှု၊ စီးပွားရေးကိစ္စရပ်များနှင့် ချစ်ကြည်ရင်းနှီးမှုကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအတွက် ဆန်အိတ်နှင့် ဂျုံအိတ်များ၊ ကိုဗစ်ကာလအတွင်း ကာကွယ်ဆေးလှူဒါန်းမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ထပ်မံလာရောက်လုပ်ကိုင်မည်ဆိုပါက ဖိတ်ခေါ်ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့်ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံစီးပွားရေးကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သံအမတ်ကြီးတို့သည် အပြန်အလှန်လက်ဆောင်များပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

---

နေပြည်တော် ဩဂုတ် ၈

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကိုလုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့်ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုမရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထားရှောင်ရှားပေးပါရန် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

---

နေပြည်တော် ဩဂုတ် ၈

## Naypyitaw State Academy ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



Naypyitaw State Academy တွင် ကျောင်းသားလူငယ်များ ဥပဒေဆိုင်ရာအခြေခံ အသိအမြင်၊ ဗဟုသုတများတိုးပွားစေရန်နှင့် ဥပဒေဆိုင်ရာအချက်အလက်များကို ကျောင်းသား၊ ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိစေရန် ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က ကျောင်းသား၊ ကျောင်းသူများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ လေးစားလိုက်နာမှု၏ အရေးပါမှုကို ရှင်းလင်းပြောကြားပြီး Naypyitaw State Academy ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး)က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

---

ထားဝယ် ဩဂုတ် ၈

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၂၂၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

ယခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး ခရိုင်လေးခုရှိ မြို့နယ် ၁၀ မြို့နယ်၌ စုစုပေါင်း မိုးစပါး ဧက ၂၂၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လကုန်အထိ ဧကတစ်သိန်းဝန်းကျင် စိုက်ပျိုးပြီးဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ မိုးစပါးများစိုက်ပျိုးရာတွင် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းစပါးမျိုးများဖြစ်သည့် ကျော်ဇေယျ၊ ဆင်းသွယ်လတ်၊ ဆင်းသုခ၊ GW 11၊ မျိုးရော၊ ရောမင်းနှင့်ရောပဒေသာ စပါးမျိုးများကို အများဆုံးစိုက်ပျိုးခြင်းဖြစ်သည်။

ယခုအခါ တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးလျာထားစိုက်ဧကပြည့်မီစေရန် မြို့နယ်တိုင်း၌ စိုက်ပျိုးရေးပညာပေးသင်တန်းများ၊ တောင်သူနည်းပညာပေးဆွေးနွေးပွဲများ၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်းများ၊ Seeder အသုံးပြုစိုက်ပျိုးပြသခြင်းများနှင့် ကွင်းသရုပ်ပြပွဲများဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိန်ကိုက်၊ အချိုးကျကြဲပက်နိုင်ရန်အတွက်လည်း စီမံဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ခင်းများကိုလည်း တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာနှုန်းဖြင့် စုစုပေါင်းမြို့နယ် ၁၀ မြို့နယ်၌ စိုက်ပျိုးမည်ဖြစ်သည်။

ထိုစံပြစိုက်ခင်းများ စိုက်ပျိုးမည့် တောင်သူများကို မျိုးစပါးများ၊ ဓာတ်မြေဩဇာများနှင့် သွင်းအားစုများပံ့ပိုးပေးကာ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် စနစ်တကျစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

★ **ရှေ့ဖုံးမှအဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေး လိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန် ဩဂုတ် ၈

# အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

၂၀၂၄ ခုနှစ်အတွက် အာဆီယံယဉ်ကျေးမှု ရန်ပုံငွေအထောက်အပံ့ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပ စာကြည့်တိုက်ပညာရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဲက ဆွေးနွေးပွဲ၏ဆောင်ပုဒ်မှာ "အာဆီယံစာပေအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များနှင့် မတူကွဲပြားသောစာပေပစ္စည်း ပြုပြင်ထိန်းသိမ်းရေးနည်းလမ်းများ၊ အကောင်းဆုံးရှာဖွေတွေ့ရှိချက်များ"ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ၏ဆောင်ပုဒ်နှင့်အညီ ပေါ်ထွက်လာသော စိန်ခေါ်မှုအသစ်များကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာနယ်ပယ်၌ အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင်များကို စုစည်း၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း၊ စာပေပစ္စည်းထိန်းသိမ်းရေးလုပ်ငန်းသည် စာကြည့်တိုက်များအတွက် အဓိကလုပ်ငန်းစဉ်တစ်ခုဖြစ်ထားရှိကြောင်း။

ယခုရရှိလာသည့် အခွင့်အရေးကို အသုံးချပြီး မိမိတို့၏လုပ်ဖော်ကိုင်ဖက်များကို မျှဝေပေးရန်လိုအပ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ရလဒ်ကောင်းများကို ဦးတည်သည့်အတွေးအမြင်များနှင့် အတွေ့အကြုံသစ်များကို ဖလှယ်ကြရန် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအားလုံးကို တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို Pyay Room ၌ကျင်းပပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက တစ်နိုင်ငံလျှင်စာတမ်းတစ်စောင်စီ ဖတ်ကြားဆွေးနွေးကြရာ နိုင်ငံတကာပညာရှင် ထိုင်းနိုင်ငံရှိ SEAMEO SPAFA မှ Senior Researcher ဒေါ်ဥမ္မာမျိုးနှင့် ပြည်တွင်းစာကြည့်တိုက်ပညာရှင် ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်လေးစိုးတို့က စာတမ်းဖတ်ကြားခဲ့ကြပြီး အဆိုပါစာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသော စာတမ်းရှင်များနှင့် ကိုယ်စားလှယ်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဩဂုတ်လ ၉ ရက်တွင် အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်နှင့် ရွှေတိဂုံဘုရားတို့သို့ လေ့လာရေး သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

ရန်ကုန် ဩဂုတ် ၈

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအက်ဖ်စီအသင်းက YREO အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။


ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းလုံးတိုက်စစ်မြှင့်ကစားခဲ့ရာမှ ပွဲချိန် ၅၁ မိနစ်တွင် စုစုခင်က YREO အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မြဝတီအက်ဖ်စီအသင်းက ပြန်လည်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၆ မိနစ်တွင် ခိုင်သဇင်က ချေပဂိုးသွင်းယူနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၉၀ ပြည့်ခဲ့ပြီးနောက် နာကျင်အချိန်ပို ၆ မိနစ်တွင် ရူပါခိုင်က မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအက်ဖ်စီအသင်းက YREO အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့် ရူပါခိုင်က ဆွတ်ခူးနိုင်ခဲ့ပြီး မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များအဖြစ် ဩဂုတ်လ ၉ ရက် **(ယနေ့)**ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ရွှေဝတီအသင်းနှင့် ISPE အသင်း၊ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

ရန်ကုန် ဩဂုတ် ၈

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ဒဂုံစတားယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းအားကစားကွင်း၌ မြဝတီအက်ဖ်စီယူ-၂၀ အသင်းနှင့် ဒဂုံစတားယူ-၂၀ အသင်းတို့ ကစားခဲ့ရာ ဒဂုံစတား ယူ-၂၀ အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်တွင် မြဝတီအက်ဖ်စီယူ-၂၀ အသင်းမှ နိုင်လင်းထွန်းက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မိသည့်အတွက် ဦးဆောင်ဂိုးရရှိခဲ့ကာ ပွဲချိန် ၇၃ မိနစ်တွင် ခန့်ဇော်ဟိန်းက ဒုတိယသွင်းဂိုးနှင့် မြဝတီအက်ဖ်စီယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ဖိုးချစ်လွန်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ရွှေဝတီယူနိုက်တက်ယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်နှင့် ၂၅ မိနစ်တွင် ထက်အောင်လွင်၊ ပွဲချိန် ၅၂ မိနစ်တွင် လင်းပြည့်အောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များအဖြစ် ဩဂုတ်လ ၉ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင်ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရခိုင်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ဒဂုံပေ့ါယူ-၂၀ အသင်း၊ ဗဟန်းအားကစားကွင်း၌ သစ္စာအားမာန်ယူ-၂၀ အသင်းနှင့် ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော်  ဩဂုတ်  ၈

# နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် အများပြည်သူလေ့လာနိုင်ရန် ရှားပါးပရဆေးပင်များ စိုက်ပျိုးပြသ



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ညနေပိုင်းတွင်နေပြည်တော်အမျိုးသား ပရဆေးဥယျာဉ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆေးဖက်ဝင်ပရဆေးပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်တွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ငှက်ဖျားရောဂါ၊ အဆုတ်(တီဘီ)ရောဂါ စသည့် မြန်မာနိုင်ငံ၌ အဖြစ်များသောရောဂါကြီး ခြောက်မျိုးနှင့် သက်ဆိုင်သောပရဆေးပင်များကို အဓိက စိုက်ပျိုးပြသထားမှုနှင့် မိမိတို့ဝန်ကြီးဌာနက ငှက်ဖျားနှင့် အဆုတ်(တီဘီ) ရောဂါကြီးနှစ်မျိုးနှင့်သက်ဆိုင်သော ပရဆေးပင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရှားပါး ပရဆေးပင်များ စိုက်ပျိုးပြသထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး ပညာတတ်ကျွမ်းသူများက စီမံဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်စိုက်ခင်းများ၊ ပြကွက်များဖြစ်အောင် စီမံသွားရန်၊ တိုင်းရင်းဆေးဝါးပင်နှင့်ပတ်သက်သော ဗဟုသုတများကို တစ်နေရာတည်းတွင် ပြည်သူများ စုံစုံလင်လင် လေ့လာနိုင်ကြစေရန်နှင့် ရာသီအလိုက် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် နေ့စဉ်စားသုံးနေသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပင်များကို သတိပြုနိုင်အောင် စိုက်ပျိုးပြသခြင်းအပြင် ငှက်ဖျားနှင့် အဆုတ်(တီဘီ) ရောဂါများနှင့်ဆိုင်သော ပရဆေးပင်တစ်မျိုးချင်း၏ သိမှတ်ဖွယ်ရာများပါစုဆောင်းဖော်ပြသည့် လက်ကမ်းစာစောင်များ ထုတ်ဝေရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပရဆေးဥယျာဉ်အတွင်း ဝန်ကြီးဌာနမှ စိုက်ပျိုးပြသထားသည့် ငှက်ဖျားရောဂါပျောက် တိုင်းရင်းပရဆေးပင်များ၊ အဆုတ်(တီဘီ)ရောဂါပျောက် တိုင်းရင်းပရဆေးပင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စုဆောင်းထားရှိသော ပရဆေးပင်များ၊ ဆေးဖက်ဝင်သစ်ခွနှင့် ဂမုန်းပင်များ၊ ရာသီစာသီးနှံပင်များ၊ နှစ်ရှည်ပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ (၅၀၀)

နေပြည်တော်  ဩဂုတ်  ၈

# (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်




(၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးကို ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ National Convention Center တွင် ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အာဆီယံကျန်းမာရေး ကဏ္ဍ အလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေး ဝန်ကြီး H.E. Mr. Bounfeng Phoummalaysith နှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေး မှူးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနား အပြီးတွင် အာဆီယံဒေသတွင်း ဆေးလိပ်ငွေ့ ကင်းစင်စေရန်ရည်ရွယ်၍ အရှေ့တောင်အာရှ ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေး မိတ်ဖက်အဖွဲ့ (South East Asia Tobacco Control Alliance) နှင့် အာဆီယံအတွင်းရေး မှူးအဖွဲ့ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင် ဒေသဆု (ASEAN Smoke Free Award)ဆုပေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံမှ ဆေးလိပ်ငွေ့ကင်းစင် ဒေသများ ထူထောင်ထားရှိသည့်အနက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံ ဆေးလိပ်ငွေ့ကင်းစင် ဒေသဆု (ASEAN Smoke Free Award)အတွက် ကြေးတံဆိပ်ဆုကို လာအိုပြည်သူ့ဒီမိုကရက် တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Bounfeng Phoummalaysithက ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံကျန်းမာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(မကူးစက်) နှင့် ပုဂံညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးတို့က ဆုလက်ခံရယူကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက် လာကြသည့် အာဆီယံကျန်းမာရေး ဝန်ကြီးများသည် အာဆီယံအတွင်းရေးမှူး ချုပ်ရုံးမှ တာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ သံတမန်များနှင့်အတူ (၅၇)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၁၆) ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို "ကပ်ရောဂါအလွန် ကျန်းမာရေးစောင့်ရှောက်မှုစွမ်းဆောင်ရည် မြှင့်တင်ခြင်းဖြင့် အားကောင်းခိုင်မာသော ကျန်းမာရေး စနစ်ဖြစ်ပေါ်ရေး" ခေါင်းစဉ်ဖြင့် ဆက်လက် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဆွေးနွေးပြောကြားရာတွင် နောင်လာမည့်ကာလများ၌ ကျန်းမာရေး ဆိုင်ရာ စိန်ခေါ်မှုများ၊ ပြဿနာများကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းနိုင်ရန်အတွက် ကျန်းမာရေးစနစ် ခိုင်ခံ့စေမည့်ပြင်ဆင်မှုများ ကြိုတင်ဆောင်ရွက်နိုင်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက် မြင့်တက်လာမှုကို စီမံခန့်ခွဲရန်နှင့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ကျန်းမာရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ရေးဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသည့် ကျန်းမာရေးအခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ရောဂါရှာဖွေမှုများအတွက် ဓာတ်ခွဲခန်းများကို တိုးမြှင့်ခြင်း၊ မရှိမဖြစ် လိုအပ်သော ဆေးဝါးများနှင့် ကာကွယ်ဆေးများကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို အထူးအလေးပေး လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ဒေသတွင်း ကျန်းမာသောလူနေမှုပုံစံများ မြှင့်တင်ရေးနှင့် မကူးစက်နိုင်သောရောဂါများကို ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ကူးစက်ရောဂါများသည် နယ်မြေကန့်သတ်ချက်မရှိပါသဖြင့် အာဆီယံဒေသတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အသိပညာမျှဝေမှု၊ ကောင်းမွန်သောအတွေ့အကြုံများဖလှယ်ခြင်း၊ ပူးတွဲသုတေသန ဆောင်ရွက်မှုများနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ်များကို လက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒေသတွင်းရှိ ပြည်သူလူထုအားလုံးအတွက် ပိုမိုကျန်းမာ၍ ပိုမိုကောင်းမွန်သော အနာဂတ်ရရှိစေရေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် (၁၆)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာစာတမ်းအား အတည်ပြုထုတ်ပြန်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေး ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ ဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက်ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ (၅၀၀)

နေပြည်တော်  ဩဂုတ်  ၈

# "မိုးစက်များ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် "မိုးစက်များ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင် ရသ၊ ရုပ်ရှင်သရုပ်ဆောင် နေခွေး၊ တေးသံရှင် စောဒယ်နီရယ်နှင့် ရုပ်ရှင်သရုပ်ဆောင် မိုးပြည့်ပြည့်မောင်၊ တေးသံရှင်များဖြစ်ကြသည့် စျာန်ထူး၊ မေထူးကျော်၊ ချိုမီမီဇော်၊ ချစ်စုစံ၊ တုန်တုန်နှင့် ခင်ဘုဏ်းမြတ်သာတို့က မိုးသည်းထဲမှ အချစ်၊ အလွမ်းဖြစ်ရပ်များ၊ ခန့်မှန်းရခက်သည့်မိုးနှင့်မိုးရာသီပုံရိပ်များကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ်လ ၁၁ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW August 8

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received H.E. Mr. Deng Xijun, Special Envoy for Asian Affairs of Ministry of Foreign Affairs of China



Senior General Min Aung Hlaing receives H.E. Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of China.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received H.E. Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of China, at the parlour of his office here this afternoon.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and officials. The special envoy was accompanied by the delegation members.

At the call, cordial discussions were centred on friendship and diplomatic relations between the two countries, Myanmar's internal peace, peace and stability in border areas, cooperative undertakings of the two countries to eliminate online gambling, online frauds, other types of financial frauds and illegal businesses, SAC's implementation of the adopted objectives and roadmap for national peace, stability and development, and preparations to hold a free and fair multi-party general election. **100**

AGRICULTURE

## Myaungmya farmers plan to cultivate 1,281 acres of rain-fed cassava

A total of 1,281 acres of cassava will be planted in this year's rain crop planting season in Myaungmya Township, Myaungmya District, Ayeyawady Region, said U Kyaw Moe Win, head of the Department of Agriculture for Myaungmya District.

In this year's rain crop planting season, 1,281 acres of cassava will be planted as a rain crop in Myaungmya Township in the third week of July this year.

"In order to be able to plant 100 percent as planned by the Department of Agriculture, and to use fertilizers, pesticides and herbicides proportionately for all rain crops, the employees of the department have carried out pre-field technical work to prevent the crops from getting infected. The farmers also have experience in planting cassava, so they will be able to grow it without difficulty. The cassava grown by local farmers is a high-yielding variety," said U Kyaw Moe Win, head of the Department of Agriculture for Myaungmya District.

**SK**

AGRICULTURE

## Dabayin farmers cultivate 19,014 acres of rain-fed pigeon peas

A total of 19,014 acres of pigeon peas have been planted in Dabayin Township, YeU District, Sagaing Region during this year's rain crop planting season, according to the Department of Agriculture for YeU District.

During the 2024-2025 rain crops planting season, 20,201 acres of pigeon peas are planned to be planted in Dabayin Township and 19,014 acres of pigeon peas have been planted since May.

This year, the Township Department of Agriculture instructed those who planted pigeon peas in Dabayin Township to select good varieties, correct planting methods, and field education is being provided for pest safety and good yield.

**SMK**

AGRICULTURE

## Shwebo Township finishes cultivation of more than 7,000 acres of pigeon pea

A total of 7,426 acres of croplands have been placed under pigeon pea in Shwebo Township of Sagaing Region this monsoon, according to the statistics of Shwebo Township Agriculture Department.

In 2024-2025 monsoon season, the township planned to grow 6,968 acres of pigeon pea. Local farmers have planted 7,426 acres of pigeon pea exceeding the target cultivation.

U Hsan Oo, Head of Shwebo Township Agriculture Department said, "We earmarked cultivation of more than 6,000 acres of monsoon pigeon pea in the township but local farmers have planted more than 7,000 acres exceeding the target. Our department helps local farmer boost per-acre yield of crops. Local farmers emphasize cultivation of pea as mixed cropping."

Agricultural staff members raise farmer awareness to choose quality strains of crops, good agricultural techniques and prevention of pests. **SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

AGRICULTURE

# Local farmers grow vegetables in monsoon in Kalay Township

A total of 1,818 acres of croplands have been placed under vegetable plants in monsoon this year in Kalay Township of Sagaing Region, according to Kalay Township Agriculture Department.

The township earmarked 8,040 acres of vegetables this monsoon in 2024-2025 but local farmers have planted 1,818 acres of vegetable crops.

"So far, local farmers have planted mustard, chilli, tomato, cabbage, cauliflower and ladyfinger on more than 1,000 acres of croplands against the target of over 8,000 acres. Agricultural staff educated local farmers to use GAP system to lessen residue of chemicals at vegetable crops," said U Naing Tun Win, Head of Kalay Township Agriculture Department.

Agricultural staff members raised farmer awareness to expand sown acreage of vegetable plants, use GAP system and make natural fertilizers and pesticides for their patches.

Thanks to vegetable plantations, local farmers can earn increased incomes for their families.

SK

AGRICULTURE

# Monywa Township plants more than 1,400 acres of vegetables this monsoon

According to the statistics of Monywa Township Agriculture Department, a total of 1,433 acres of croplands have been placed under vegetables in Monywa Township of Sagaing Region this monsoon.

In 2024-2025 monsoon, the township earmarked cultivation of 9,300 acres of vegetables but local farmers planted 1,433 acres of kitchen crops against the target cultivation.

"Local farmers try their best to meet the target cultivation with growing kitchen crops on remaining croplands. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower and other crops. Our department urge local farmers to use GAP system for growing all crops to be free from chemical residue and pests," said U Soe Thet Aung, head of Township Agriculture Department.

This year, Monywa Township Agriculture Department conducts training for local famers to use good agriculture practices for crops, production of healthy crops and expansion of sown acreage for kitchen crops.

At present, vegetable plantations are thriving in Monywa Township. Local farmers can earn increased incomes from sale of vegetables. Agricultural staff provide farmers with techniques of preventing pests and applying good agriculture practices.

SK

AGRICULTURE

# Pwintpyu Township decides to grow 930 acres of sunflower this monsoon

Aimed at ensuring local cooking oil sufficiency and increasing family incomes of farmers, a plan is underway to grow 930 acres of sunflower in Pwintpyu Township of Magway Region, and so far, 342 acres of sunflower has been planted in the township, said Daw Moe Moe Wai, Head of Pwintpyu Township Agriculture Department.

Local farmers started cultivation of sunflower on 342 acres of croplands against the target till today.


"This year, the township earmarked cultivation of 930 acres of sunflower. Local farmers have been striving in cultivation of sunflower for meeting the target acreage. They have planted 342 acres of sunflower. Our department helps local farmers use good agricultural techniques for oil crops such as groundnut and sesame to meet the target cultivation and urged them to use quality strains of crops and inputs," said Daw Moe Moe Wai, Head of the Township Agriculture Department.

Pwintpyu Township earmarked cultivation of 930 acres of sunflower, 1,661 acres of groundnut and 13,395 acres of sesame, totalling 15,986 acres. So far, local farmers have planted 342 acres of sunflower, 695 acres of groundnut, and 14,092 acres of sesame, totalling 15,129 acres, according to Pwintpyu Township Agriculture Department.

SMK

JAPAN

# Japan issues first-ever alert over possible Nankai Trough megaquake following 7.1-magnitude quake



Japan issues first-ever alert over possible Nankai Trough megaquake following 7.1-magnitude quake.

A 7.1-magnitude earthquake struck Miyazaki prefecture and other areas in southwestern Japan on Thursday, prompting the country's weather agency to issue its Nankai Trough Earthquake Extra Information for the first time.

The earthquake, measuring lower 6 on the Japanese seismic intensity scale of 7, occurred at 16:43 local time at a depth of 30 kilometers off the waters of Hyuga-nada in southern Kyushu, one of the country's four main islands, according to the Japan Meteorological Agency (JMA).

Shortly afterwards, the JMA started investigating whether this earthquake is related to the possibility of a large-scale quake anticipated along the Nankai Trough, which experts have warned for years, and could cause huge loss of life and property across a wide swathe of central and western Japan.

On Thursday evening, the JMA issued an alert warning about a possible massive earthquake around the Nankai Trough, the first such alert. A panel of experts assessing the matter said the probability of a major earthquake along the Nankai Trough has increased "several times," calling for people to be prepared for any eventuality.

Following the afternoon quake, tsunami advisories were issued for Miyazaki, Kochi, Ehime, Oita, Kagoshima prefectures on the islands of Kyushu and Shikoku, but the JMA lifted them except for Miyazaki.

Small waves have already been recorded in some areas. Tsunami with heights of around 50 centimeters and 20 centimeters was observed in Miyazaki and southwestern Kochi, respectively, the JMA said.

Several injuries have been reported in Miyazaki and other prefectures in Kyushu, Kyodo News reported.

There have been no reports of abnormalities at Ikata and Sendai nuclear power plants in Ehime and Kagoshima prefectures following the quake, and the government was checking for damage and casualties, Chief Cabinet Secretary Yoshimasa Hayashi said at a news conference.

Weather officials urged residents to take extra precautions against the danger of collapsed houses and landslides, as well as against aftershocks and rainfall.

The JMA, which initially estimated the quake's magnitude at 6.9, warned that quakes with a seismic intensity of around lower 6 could happen for the next week, especially over the next two or three days. **Xinhua**

PAKISTAN

# 154 killed, 279 injured in monsoon rains, flash floods in Pakistan

Torrential rains and flash floods starting from July have killed 154 people and injured 279 others in different parts of Pakistan, the National Disaster Management Authority (NDMA) has reported.

Among the dead were 74 children and 27 women, the NDMA said in a report on Wednesday.

The northwestern Khyber Pakhtunkhwa province was the worst affected area with 57 deaths, followed by the eastern Punjab and the southern Sindh provinces with 55 and 30 deaths, respectively, said the report.

It added that eight people were killed in the southwestern Balochistan province, three were killed in Pakistan-controlled Kashmir and one died in the northern Gilgit-Baltistan region.

The NDMA also noted that 349 livestock animals have perished while 1,552 houses and 24 bridges were damaged during the cited period. **Xinhua**

RUSSIA

# Russian forces destroy Ukrainian armor in Kursk Region

The Russian Defence Ministry has published a video showing the destruction of Ukrainian military equipment that has been taking part in Kiev's ongoing attempted incursion into Russia's Kursk Region.

The video, released on Thursday, features a compilation of footage from both surveillance drones and FPV kamikaze drones. According to the ministry, Russian forces have used Lancet loitering munitions to neutralize a number of Ukrainian Kazak armored personnel carriers and US-made Bradley infantry fighting vehicles.

Prior to the footage published on Thursday, the ministry also shared a number of videos depicting Russian strikes on Ukrainian armor and air defense systems that were amassed in areas bordering Kursk Region.

Kiev initially launched its assault on Russia's border region early on Tuesday, with the resulting hostilities mainly occurring near the town of Sudzha. Up to 1,000 Ukrainian soldiers have taken part in the operation, backed by armor that included several US-made Stryker armored fighting vehicles, as well as artillery and drones, according to Moscow.

On Wednesday, the chief of the Russian General Staff, Valery Gerasimov, reported that the incursion has been halted by


Russian forces destroy Ukrainian armor in Kursk Region.

Russian forces, with the Ukrainian force losing over 300 troops and 54 armored vehicles, including at least six tanks.

Russian President Vladimir Putin has described the attack as yet another "large-scale provocation" and has accused Kiev of conducting "indiscriminate strikes" on civilians, residential buildings and ambulances.

At least four civilians have been killed in the attack and 28 have been injured in Ukrainian artillery and drone strikes on Sudzha, Kursk acting governor Aleksey Smirnov has said.

**RT**

UNITED STATES

# Tropical storm Debby makes 2nd U.S. landfall

Tropical storm Debby made its second landfall in the United States in the early hours of Thursday and continued to move northward, according to the country's National Hurricane Center.

Debby landed near Bulls Bay in South Carolina as a Category 1 hurricane with a maximum sustained wind speed of 50 miles per hour and moved slowly inland with a speed of around 5 miles per hour, said the center.

The tropical storm first landed near the coastal town of Steinhatchee in Florida on Monday and has dumped over a foot of rain over parts of Florida, Georgia and South Carolina, killing at least six people.

Debby is expected to pick up speed and move across the U.S. Mid-Atlantic and Northeast on Friday and Atlantic Canada on Saturday, according to the latest advisory by the National Hurricane Center.

A large tornado in central North Carolina was confirmed shortly after Debby's second landing. Debby is expected to dump an additional three to nine inches of rain, and flash flood warnings have been issued for parts of South Carolina and North Carolina until noon on Thursday.

U.S. President Joe Biden has approved disaster declarations for Florida, Georgia, South Carolina and North Carolina to deal with Debby's impacts.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Drinking from plastic bottles can raise blood pressure due to microplastics entering the bloodstream, study suggests



Drinking from plastic bottles can raise blood pressure due to microplastics entering the bloodstream, a new study suggests.

Drinking from plastic bottles can raise blood pressure as a result of microplastics entering the bloodstream, a study suggests.

Microplastics have also been found in fluids in glass bottles, according to other research, and experts say the associated higher blood pressure can lead to an increased risk of heart disease.

The latest study found blood pressure went down after participants stopped all fluid intake, including water, from plastic and glass bottles, and drank only tap water for two weeks.

Researchers in the department of medicine at Danube Private University in Austra said: 'We concluded, after extensive research, that beverages packaged in plastic bottles should be avoided.

'Remarkable trends were observed. The results of the study suggest, for the first time, that a reduction in plastic use could potentially lower blood pressure, probably due to the reduced vol-ume of plastic particles in the bloodstream.

'The changes we observed in blood pressure suggest that reducing the intake of plastic particles could lower cardiovascular risk.'

Research shows that microplastics – microscopic fragments that are the result of plastic degradation triggered by UV radiation or the result of a bottle being knocked about – are ubiquitous.

Microplastics have been found in saliva, heart tissue, the liver, and placenta. Several studies have found high concentrations in water in plastic bottles.



New research shows that microscopic fragments that are the result of plastic degradation triggered by UV radiation or the result of a bottle being knocked about are ubiquitous.

In the new study, reported in the journal Microplastics, the researchers had eight men and women get their daily fluid intake from tap water and told them to abstain from drinks stored in plastic or glass bottles.

Several blood pressure measurements were taken at the start and during the study. The results showed a statistically significant decline in diastolic blood pressure – the pressure in the arteries when the heart rests between beats – after two weeks.

The researchers said: 'Based on the findings, indicating a reduction in blood pressure with decreased plastic consumption, we hypothesize that plastic particles present in the blood-stream might contribute to elevated blood pressure.'

A recent study conducted by the Department of Medicine at Danube Private University in Austria has found that drinking water from plastic bottles can increase blood pressure. This effect occurs due to microplasticsentering the bloodstream. The study discovered that participants who drank fluids not contained in plastic bottles experienced a significant reduction in their blood pressure, a report published in New York Post stated.

**How Plastic Bottle Water Increases BP**

The researchers found that microplastics, small particles prevalent in most of our food and water, are a cause for concern due to their potential impact on human health. These particles are already linked to issues such as heart health problems, hormone imbalances, and even cancer. The study, published in the journal Microplastics, specifically noted the relationship between microplastics from plastic bottles and elevated blood pressure levels, the study said.


"Remarkable trends were observed. The results of the study suggest, for the first time, that a reduction in plastic use could potentially lower blood pressure, probably due to the reduced volume of plastic particles in the bloodstream," the team wrote in the study, as per the New York Post report.

"Based on the findings, indicating a reduction in blood pressure with decreased plastic consumption, we hypothesize that plastic particles present in the bloodstream might contribute to elevated blood pressure," they further said.

**Mail Online**

# HEALTH

## ရေစွမ်းအင်သုံးအနာကပ်ပလာစတာက နာတာရှည်ဒဏ်ရာများကို အဆ ၃၀ အနာကျက်မြန်စေမည်



မြောက် ကာရိုလိုင်းနားပြည်နယ် တက္ကသိုလ်မှသိပ္ပံပညာရှင်များက ရေစွမ်းအင်သုံးအနာကျက်ပလာစတာကိုတီထွင်လိုက်ပြီဖြစ်သည်။ ထိုအနာကပ်ပလာစတာသည် လျှပ်စစ်စက်ကွင်းကိုအသုံးပြုပြီး နာတာရှည်ဒဏ်ရာများကိုပုံမှန်ထက် အဆ ၃၀ အနာကျက်မြန်စေမည်ဖြစ်သည်။

ပုံမှန်အားဖြင့်ဆိုလျှင် နာတာရှည်ဒဏ်ရာများကိုကုသမှုအတွက်ကုထုံးများမှာ ဈေးကြီးသောကြောင့် လူနာများအတွက် စိန်ခေါ်မှုများကိုဖြစ်စေသည်။

ထို့ကြောင့် သိပ္ပံပညာရှင်များက တန်ဖိုးအားဖြင့်အသင့်အတင့်သာရှိပြီး အနာကျက်ရာမှာလည်း လျင်မြန်စေမည့် တီထွင်ရန်ကြံစည်ရာမှ ယခုအနာကပ်ပလာစတာကိုဖန်တီးလိုက်နိုင်ခြင်းဖြစ်သည်။

အဆိုပါ အနာကပ်ပလာစတာ၏ ထိပ်တစ်ဖက်တွင် လျှပ်ခေါင်းများပါရှိပြီး အခြားတစ်ဖက်တွင်မူ သေးငယ်ပြီး ခန္ဓာကိုယ်နှင့် လိုက်လျောညီထွေမှုရှိသည့် ဘက်ထရီတစ်လုံးတပ်ဆင်ထားသည်။

ထိုပလာစတာကို ဒဏ်ရာတွင်ကပ်ပြီးနောက် ရေတစ်စက်မျှချပေးရုံဖြင့် ဘက်ထရီကို အသက်ဝင်စေမည်ဖြစ်ကာ ထိုဘက်ထရီမှ ဖန်တီးပေးသောလျှပ်စစ်စက်ကွင်းတစ်ခုက အနာကျက်မြန်စေရန် နာရီပေါင်းများစွာကြာ ကူညီပေးနိုင်မည်ဖြစ်သည်။

နာတာရှည်ဒဏ်ရာများဆိုသည်မှာ တော်ရုံတန်ရုံအနာမကျက်တော့သည့် ဒဏ်ရာများဖြစ်ပြီး များသောအားဖြင့် ဆီးချိုဝေဒနာရှင်များတွင် တွေ့ရလေ့ရှိသည်။

Ref: IE

K.H

## တက်တူးမင် ၃၅ ရာခိုင်နှုန်းတွင် အန္တရာယ်ရှိသောဗက်တီးရီးယားများပါဝင်နေ

အမေရိကန်နိုင်ငံရှိ ဈေးကွက်အတွင်း ရောင်းချနေသည့် တက်တူးထိုးရာတွင် အသုံးပြုသောမင်များအနက် ၃၅ ရာခိုင်နှုန်းတွင် အန္တရာယ်ရှိသောဗက်တီးရီးယားများ ပါဝင်နေကြောင်း သုတေသီများကလေ့လာတွေ့ရှိသည်။

သုတေသီများ ရှာဖွေတွေ့ရှိသော ဗက်တီးရီးယားများမှာ ၎င်းတို့ရှင်သန်နိုင်ရေးအတွက်အောက်ဆီဂျင်မလိုဗက်တီးရီးယားနှင့်အောက်ဆီဂျင်လိုဗက်တီးရီးယားများဖြစ်သည်။ တက်တူးမင်များတွင် ထိုကဲ့သို့သော ဗက်တီးရီးယားများ ရှာဖွေတွေ့ရှိခြင်းက တက်တူးထိုးသူများတွင် အဆိုပါဗက်တီးရီးယားများ ကူးစက်နိုင်ခြေများပြားကြောင်းကို ရည်ညွှန်းနေသည်။

အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာနမှသုတေသီများကဈေးကွက်အတွင်းရှိ ဖွင့်ဖောက်ထားခြင်းမရှိသည့် တက်တူးမင်ဘူးအသစ်များကို လေ့လာခဲ့ခြင်းဖြစ်သည်။

ထိုသို့သောဗက်တီးရီးယားများကူးစက်ခြင်းသည် တက်တူးထိုးခြင်းကြောင့်ဖြစ်သည့် နောက်ဆက်တွဲရောဂါများကိုလည်း ပိုမိုဆိုးဝါးစေကြောင်းသိရသည်။

Ref: STD

K.H



# TECHNOLOGY

## နစ်ဆန်း၏အပူကာဆေးသားက ကားအတွင်းပိုင်းကိုပိုမိုအေးမြစေ



နစ်ဆန်းကုမ္ပဏီကတီထွင်ဖန်တီးထားသော အပူကာကားဆေးသားသည် ကားအတွင်းပိုင်းကို ပိုမိုအေးမြစေမည်ဖြစ်ကာ အဲကွန်းသုံးစွဲရမှုအတွက်ဝန်အားကိုလည်း လျှော့ချပေးနိုင်ကြောင်းတွေ့ရသည်။

ဂျပန်နိုင်ငံမှမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့်နစ်ဆန်းကုမ္ပဏီက မြင့်မားလာသောအပူချိန်နှင့်လိုက်လျောညီထွေမှုရှိစေရန် ယခုကဲ့သို့အပူကာကားဆေးသားကို အအေးပေးနည်းပညာရှင်များပါဝင်သည့် Radi-Cool ကုမ္ပဏီနှင့်ပူးပေါင်း၍ ဖန်တီးလိုက်ခြင်းဖြစ်သည်။

အဆိုပါဆေးသားကိုစမ်းသပ်မှုများအတွင်း မော်တော်ကား၏ပြင်ပအပူချိန်သည် ၁၂ ဒီဂရီစင်တီဂရိတ်ကျဆင်းကာ အတွင်းပိုင်း အပူချိန်မှာ ၅ ဒီဂရီစင်တီဂရိတ်ကျဆင်းသည်ကိုတွေ့ရသည်။

ထိုဆေးသားကို နစ်ဆန်းကုမ္ပဏီ၏ သုတေသနဌာနမှ ဆူဆူမူမီယူရာက ဦးဆောင်၍ ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပြီး ယင်းသို့ ဖန်တီးနိုင်မှုသည် လျှပ်စစ်မော်တော်ကားခေတ်တွင် အလွန်အရေးပါသည့်အရာဖြစ်လာပြီဟု ၎င်းကဆိုသည်။

အပူကာဆေးသားများကို အဆောက်အအုံများတွင်အသုံးပြုနေပြီဖြစ်သော်လည်း ထူထဲပြီးမြေဖြူကဲ့သို့ဖြစ်သော ၎င်း၏ပုံစံကို မော်တော်ကားများတွင်အသုံးပြုရန် သင့်လျော်မှုမရှိသည်ကိုတွေ့ရသည်။

ထို့ကြောင့် သုတေသနပညာရှင်များက ကားနှင့်လိုက်လျောညီထွေရှိသည့်အပြင်မှုတ်ဆေးအဖြစ်ပါအသုံးပြုနိုင်မည့် အပူကာဆေးသားကိုဖန်တီးလိုက်ခြင်းဖြစ်သည်။

အဆိုပါဆေးသားထဲတွင် သူမတူအောင်အလင်းပြန်နိုင်စွမ်းရှိသည့် ဖန်တီးထားသောအမှုန်နှစ်မျိုးပါဝင်သည်။ ထိုအမှုန်များက အပူပါသည့်နေရောင်ခြည်ကိုအခြားဘက်သို့အလင်းပြန်စေကာ လျှပ်စစ်သံလိုက်လှိုင်းများကိုဖန်တီးခြင်းအားဖြင့် အပူစွမ်းအင်များကို ဖြိုခွဲပေးခြင်းဖြစ်သည်။

Ref: IE

K.H

## Mustang EV က တစ်ကြိမ်အားသွင်းပြီး ၅၆၉ မိုင်မောင်းနိုင်ခြင်းဖြင့် ဂင်းနစ်စံချိန်အသစ်တင်




Ford ကုမ္ပဏီက ထုတ်လုပ်သည့် Mustang Mach-E အမျိုးအစား လျှပ်စစ်ကားသည် တစ်ကြိမ်အားသွင်းရုံဖြင့် ခရီးမိုင်အဝေးဆုံးသွားနိုင်သည့် လျှပ်စစ်ကားအဖြစ် ဂင်းနစ်စံချိန်အသစ်တင်သွားနိုင်ပြီဖြစ်သည်။

ယခင်ကတစ်ကြိမ်အားသွင်းကာ ခရီးမိုင်ပေါင်း ၅၆၃ ဒသမ ၈၇ မိုင်သွားနိုင်ခြင်းဖြင့် ဂင်းနစ်စံချိန်တင်ထားသည့်ကားမှာ တရုတ်နိုင်ငံမှဖြစ်ပြီး ယခုမူ Mustang Mach-E က ၅၆၉ မိုင်ဖြင့် စံချိန်အသစ်တင်လိုက်နိုင်ခြင်းဖြစ်သည်။

စံချိန်အသစ်တင်သည့်ခရီးကို ၂၄ နာရီအတွင်း မြို့ပြနှင့်ကျေးလက်လမ်းများ၌ အမှန်တကယ်မောင်းနှင်ခဲ့ခြင်းဖြစ်ကာ ထိုသို့ မောင်းနှင်မှုကို အတည်ပြုနိုင်သည့် ဗီဒီယိုမှတ်တမ်းကိုကြည့်ခြင်း၊ ခရီးမိုင်တိုင်းကီလိုမီတာမှဖော်ပြချက်ကိုဖတ်ခြင်း၊ GPS နှင့် ဘက်ထရီအားပမာဏတို့ကိုစစ်ဆေးကြည့်ခြင်းတို့မှတစ်ဆင့် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထိုလျှပ်စစ်ကားတွင်တပ်ဆင်ထားသည့် ဘက်ထရီမှာ ၉၁ ကီလိုဝပ်နာရီပမာဏရှိဘက်ထရီဖြစ်ပြီး ပျမ်းမျှအားဖြင့် ၁ ကီလိုဝပ်နာရီတွင် ခရီးအကွာအဝေး ၆ ဒသမ ၂၅ မိုင်သွားနိုင်သည်။

အားအပြည့်သွင်းထားပါက ဘက်ထရီ၏သက်တမ်းသည် နာရီ ၂၀ ခန့်သာခံမည်ဟု မူလကခန့်မှန်းထားခဲ့သော်လည်း ဘက်ထရီတွင်အားက သုည ရာခိုင်နှုန်းရောက်သည့်အချိန်တွင် နောက်ထပ်ခရီးအကွာအဝေး ၂၁ မိုင်ကိုဆက်သွားနိုင်သေးသောကြောင့် ၂၄ နာရီကျော်အထိ အားခံသည်ကိုတွေ့ရသည်။

အဆိုပါစံချိန်တင်ခရီးကိုမောင်းနှင်ရန် Mustang Mach-E က Bridgestone တာယာများကို တပ်ဆင်အသုံးပြုခဲ့ကြောင်းနှင့် ယခုကဲ့သို့ စွမ်းဆောင်နိုင်မှုသည် လျှပ်စစ်ကားများခေတ်တစ်ခေတ်ဆန်းသစ်မှုအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

Ref: IE

K.H

## တရုတ်က တိမ်ပျိုးခြင်းလုပ်ဆောင်ရန် ကင်းထောက်ဒရုန်းကိုစမ်းသပ်အသုံးပြု

တရုတ်နိုင်ငံက နိုင်ငံအနောက်မြောက်ပိုင်းရှိ ရှင်းကျန်းဒေသ၌ တိမ်ပျိုးခြင်းလုပ်ဆောင်ရန် တာဝေးပြေးကင်းထောက်ဒရုန်းကိုစမ်းသပ်အသုံးပြုလျက်ရှိသည်။

ထိုလုပ်ငန်းအတွက်အသုံးပြုနေသော ဒရုန်းမှာ တာဝေးပြေး TB-A တိုက်ခိုက်ရေးနှင့်ကင်းထောက်ဒရုန်းဖြစ်ပြီး နိုင်ငံအတွင်း တိမ်ပျိုးခြင်းလုပ်ငန်းကို ပထမဆုံး လုပ်ဆောင်ခြင်းဖြစ်သည်။

၄၅ ရက်အထိကြာမြင့်မည့် တိမ်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကမ္ဘာ့မြေပြင်အထက်အလွန်မြင့်မားသောနေရာ၌ တိမ်ပျိုးခြင်းလုပ်ငန်း၏ အောင်မြင်မှုနှုန်းကိုပါ တိုင်းတာတွက်ချက်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေးကို အဓိကထားသော ရှင်းကျန်းဒေသ အထူးသဖြင့် ယင်းဒေသအရှေ့ဖျားပိုင်းရှိ ဟာမီမြို့သည် အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်ရေရှားမှုဒဏ်ကို မကြာခဏခံစားနေရသောကြောင့် ယင်းမြို့၌တိမ်ပျိုးခြင်းလုပ်ငန်းကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်သည်။

TB-A တိုက်ခိုက်ရေးနှင့်ကင်းထောက်ဒရုန်းသည် တိမ်ပျိုးခြင်းလုပ်ငန်းအတွက် အသုံးပြုမည့် ငွေအိုင်အိုဒိုက်အချောင်း ၂၄ ချောင်းနှင့် မီးခိုးဗုံးအလုံး ၂၀၀ တို့ကို သယ်ဆောင်နိုင်ကြောင်းသိရသည်။

Ref: IE

K.H

ဝါရှင်တန်၊ နိုင်ငံရေး

## ဟစ်ဇဘိုလာက အစ္စရေးကို လာမည့်ရက်ပိုင်းအတွင်းတိုက်ခိုက်နိုင်

ဟစ်ဇဘိုလာက အစ္စရေးကို လာမည့်ရက်ပိုင်းအတွင်း တိုက်ခိုက်နိုင်ကြောင်း သတင်းအရင်းအမြစ်များ၏ ပြောဆိုချက်ကို ကိုးကား၍ CNN သတင်းဌာနက ဖော်ပြထားသည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာတပ်ဖွဲ့နှင့် အီရန်နိုင်ငံတို့က အစ္စရေးကို လက်တုံ့ပြန်မည်ဟု အသီးသီးပြောထားသည်။ သို့သော် အီရန်က အစ္စရေးကို မတိုက်ခိုက်မီ ဟစ်ဇဘိုလာက အစ္စရေးကို ဦးစွာတိုက်ခိုက်နိုင်ကြောင်း သတင်းဌာနက ဖော်ပြထားသည်ကိုတွေ့ရသည်။

ဟားမက်အဖွဲ့၏နိုင်ငံရေးဗျူရိုခေါင်းဆောင် အစ္စမေးဟားနီယေးအပါအဝင် ဟားမက်နှင့် ဟစ်ဇဘိုလာအဖွဲ့တို့မှ ထိပ်ပိုင်းတာဝန်ရှိသူအချို့ လုပ်ကြံခံရပြီးနောက် အစ္စရေးကိုတိုက်ခိုက်မည်ဟု ထုတ်ပြန်ချက်များထွက်ပေါ်လာခြင်းဖြစ်သည်။


ထို့ကြောင့် အီရန်နိုင်ငံအတွင်းရောက်ရှိနေသည့် အစ္စမေးဟားနီယေးကို လုပ်ကြံသူမှာလည်း အစ္စရေးနိုင်ငံသာဖြစ်သည်ဟု ဟားမက်၊ အီရန်နှင့်အခြားအဖွဲ့အစည်းများက တထစ်ချပြောထားသည်။ အစ္စရေးကမူ ထိုသို့ပြောဆိုမှုများကို ငြင်းဆိုခြင်း၊ အတည်ပြုခြင်းမရှိပေ။

တစ်ချိန်တည်းမှာပင် ဟစ်ဇဘိုလာအဖွဲ့အနေဖြင့် အစ္စရေးပြည်သူများကို ထိခိုက်စေမည့် တိုက်ခိုက်မှုများ လုပ်ဆောင်လာပါက အစ္စရေးတပ်မတော်၏လက်တုံ့ပြန်မှုမှာ အချိုးမညီဖြစ်စေမည်ဟု အစ္စရေးတာဝန်ရှိသူများကပြောသည်။

Ref: RT

တိုကျို၊ သဘာဝဘေး

## ဂျပန်က နန်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက် ငလျင်အကြီးအကျယ်လှုပ်နိုင်ဟု ပထမဆုံးသတိပေး




ဂျပန်မိုးလေဝသဌာနက နန်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက် ငလျင်အကြီးအကျယ်လှုပ်နိုင်သည်ဟု ဩဂုတ်လ ၈ ရက် ညနေပိုင်းတွင် ပထမဆုံးအကြိမ် သတိပေးလိုက်ကြောင်း သိရသည်။

ဩဂုတ်လ ၈ ရက် ညနေ ၄ နာရီ ၄၃ မိနစ်တွင် ပြင်းအား ၇ ဒသမ ၁ ရစ်ချ်တာစကေးရှိ ငလျင်တစ်ခုလှုပ်ခတ်ပြီးနောက် မိုးလေဝသဌာနက ယခုကဲ့သို့ သတိပေးချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ယခုလှုပ်ခတ်သည့်ငလျင်သည် ဂျပန်နိုင်ငံ၏ပင်မကျွန်းစုများအနက်တစ်ခုဖြစ်သော ကျူရှူးကျွန်းတောင်ဘက် ယူဂါနာဒါမြို့ ကမ်းလွန်ရှိ အနက်ကီလိုမီတာ ၃၀ ကိုဗဟိုပြုလှုပ်ခတ်ခြင်းဖြစ်သည်။

ထို့နောက် မိုးလေဝသဌာနက အဆိုပါငလျင်သည် နန်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက်လှုပ်ခတ်နိုင်သည့် ငလျင်အကြီးစားနှင့် ဆက်စပ်မှုရှိ၊ မရှိကို လေ့လာသည်။

နန်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက် ငလျင်လှုပ်ပါက ဂျပန်နိုင်ငံအလယ်ပိုင်းနှင့်အနောက်ပိုင်းတို့ရှိ ပြည်သူများစွာ၏ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးမည်ဟု ကျွမ်းကျင်သူများက လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက သတိပေးထားသည်။

ယခုငလျင်လှုပ်ခတ်မှုကြောင့် အမြင့်စင်တီမီတာ ၂၀ နှင့် ၅၀ ကြားရှိ ဆူနာမီလှိုင်းများကို ဒေသအချို့၌မြင်တွေ့ရကာ မီယာဇာကီနှင့် အခြားသောစီရင်စုများတွင် ဒဏ်ရာရရှိသူအများအပြားရှိသည်ဟု Kyodo သတင်းဌာနက ဖော်ပြထားသည်။

Ref: Xinhua

ဟန္နိုင်း၊ ဆက်ဆံရေး

## ကမ္ဘောဒီးယား၏ မဲခေါင်တူးမြောင်းဖောက်လုပ်မှုကို ဗီယက်နမ်ထောက်ခံအားပေး

ကမ္ဘောဒီးယားနိုင်ငံက အကောင်အထည်ဖော်သော မဲခေါင်တူးမြောင်းဖောက်လုပ်မှုစီမံကိန်းကို ဗီယက်နမ်နိုင်ငံက ထောက်ခံအားပေးကြောင်း သိရသည်။

ထို့ပြင် တူးမြောင်းဖောက်လုပ်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များအတွက်အဖြေရှာဖွေရာတွင် ပူးပေါင်းပါဝင်လိုသည့်ဆန္ဒရှိကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ်လ ၈ ရက်တွင်ထုတ်ပြန်ထားသည်။

"မိမိတို့အနေနဲ့ တူးမြောင်းဖောက်လုပ်မယ့်စီမံကိန်းကို ထောက်ခံပါတယ်။ ဒီဆုံးဖြတ်ချက်ကိုလည်း လေးစားပါတယ်။ သုတေသနပြုမှုနဲ့ သက်ရောက်မှုအတွက်လေ့လာဆန်းစစ်ခြင်းကိုလည်း ပူးပေါင်းလုပ်ဆောင်သွားလိုပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင်ပြောခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကုန်ကျမည့် အဆိုပါတူးမြောင်းကို မဲခေါင်မြစ်ဝှမ်းမှ ကမ္ဘောဒီးယားကမ်းရိုးတန်းအထိ ဖောက်လုပ်သွားမည်ဖြစ်သည်။

ထိုတူးမြောင်းဖောက်လုပ်ရေးလုပ်ငန်းများအတွက် ပန္နက်ရိုက်အခမ်းအနားကို ကမ္ဘောဒီးယားတာဝန်ရှိသူများက ဩဂုတ်လ ၅ ရက်တွင်လုပ်ဆောင်ခြင်းဖြစ်သည်။

အဆိုပါတူးမြောင်းဖောက်လုပ်မှုသည် ဆန်စပါးကိုအဓိကထား စိုက်ပျိုးသည့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသကို ပျက်စီးစေမည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ဗီယက်နမ်တာဝန်ရှိသူများကပြောထားသည်ဟုသိရသည်။

Ref: TST

❑ **ကျောဖုံးမှအဆက်**

ရာထူးမှရုတ်တရက်နုတ်ထွက်ကာ နိုင်ငံမှထွက်ခွာသွားပြီးနောက် သမ္မတက လွှတ်တော်ကိုဖျက်သိမ်းပြီး ကြားဖြတ်အစိုးရဖွဲ့စည်းစေခဲ့ခြင်းဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်၊ စီးပွားရေးပညာရှင်နှင့် နိုဘယ်ဆုရှင်တစ်ဦးဖြစ်သည့် မူဟာမတ်ယူနွတ်ကို ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ပေးရန် တာဝန်ရှိသူများကဆန္ဒရှိသည့်အတွက် ၎င်းအနေဖြင့် ပြည်ပမှပြန်လာခြင်းဖြစ်သည်။

မူဟာမတ်ယူနွတ်သည် ဒုဘိုင်းမှဒါကာမြို့သို့ ဩဂုတ်လ ၈ ရက်မွန်းလွဲပိုင်းတွင်ရောက်ရှိလာခြင်းဖြစ်ပြီး ၎င်းကိုကြည်းတပ်ဦးစီးချုပ် ဝေကာအူဇာမန်နှင့်တာဝန်ရှိသူများက သွားရောက်ကြိုဆိုခြင်းဖြစ်ကြောင်း သိရသည်။

Ref: Xinhua

သတင်းတိုကဏ္ဍ

## အီသီယိုးပီးယားက ပြည်သူ ၁၀ သန်းကျော်ကို ဝမ်းရောဂါကာကွယ်ဆေးတိုက်ကျွေး

အီသီယိုးပီးယားအစိုးရက လက်ရှိဖြစ်ပွားနေသော ဝမ်းပျက်ဝမ်းလျှောရောဂါပျံ့နှံ့ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းတစ်ရပ်အနေဖြင့် ပြည်သူ ၁၀ သန်းကျော်ကို ဝမ်းရောဂါကာကွယ်ဆေးတိုက်ကျွေးထားပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကထုတ်ပြန်ထားသည်။

အီသီယိုးပီးယားနိုင်ငံသည် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကို ၂၀၂၂ ခုနှစ် ဩဂုတ်လကတည်းက စတင်ခံစားရခြင်းဖြစ်ပြီး ယနေ့အချိန်အထိထိုရောဂါကို တိုက်ဖျက်နေရဆဲဖြစ်ကြောင်း WHO ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

နိုင်ငံတော်အဆင့် ဝမ်းရောဂါကာကွယ်ဆေးတိုက်ကျွေးရေးစီမံကိန်းကို မကြာသေးမီကမှစတင်ခဲ့ခြင်းဖြစ်ပြီး ဒေသရှစ်ခုရှိပြည်သူ ၉၈ ဒသမ ၄ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်သည်။

Ref: Xinhua

## ဗီယက်နမ်မြောက်ပိုင်း၌ ရေကြီးပြီးမြေပြိုမှုများကြောင့် လူကိုးဦးသေဆုံး

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတောင်တန်းဒေသ၌ ရေကြီးပြီးမြေပြိုမှုများကြောင့် လူကိုးဦးသေဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိကြောင်း VNA သတင်းဌာနက ဩဂုတ်လ ၈ ရက်တွင်ဖော်ပြထားသည်။

ဩဂုတ်လ ၁ ရက်မှ ၈ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပွားသော ရေကြီးမှုနှင့်မြေပြိုမှုများအတွင်း နေအိမ် ၁၂၁ လုံးပျက်စီးကာ အိမ်ထောင်စု ၁၀ စုကို အရေးပေါ်နေရာပြောင်းရွှေ့ပေးလိုက်ရသည်။

ထို့ပြင် သဘာဝဘေးသင့်ရာဒေသသည် တောင်တန်းဒေသဖြစ်သောကြောင့် နေရာပေါင်း ၁၇၀ ၌ မြေပြိုမှုများဖြစ်ပွားရာ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားသည်။

Ref: Xinhua

## တေလာဆွစ်၏ဖျော်ဖြေပွဲကိုတိုက်ခိုက်မည့်သူက IS သစ္စာခံဖြစ်

ဩစတြီးယားနိုင်ငံ၌ကျင်းပမည့် တေလာဆွစ်၏ဖျော်ဖြေပွဲကိုတိုက်ခိုက်မည့်သူက IS စစ်သွေးကြွအဖွဲ့၏သစ္စာခံဖြစ်ကြောင်းနှင့် ထိုသံသယရှိသူ၏နေအိမ်၌ ဓာတုပစ္စည်းအများအပြားကိုတွေ့ရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ရဲတပ်ဖွဲ့သည် တေလာဆွစ်၏ဖျော်ဖြေပွဲအပေါ်တိုက်ခိုက်မည့်အစီအစဉ်ကို ဩဂုတ်လ ၇ ရက်နှောင်းပိုင်းတွင်ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပြီး အသက် ၁၉ နှစ်သာရှိသေးသည့် အဓိကသံသယရှိသူတစ်ဦးအပါအဝင် ဆယ်ကျော်သက်သုံးဦးကိုဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

တေလာဆွစ်အနေဖြင့် ကမ္ဘာလှည့်ဖျော်ဖြေပွဲများကို ကျင်းပနေခြင်းဖြစ်ပြီး ဩစတြီးယားတွင် ဖျော်ဖြေပွဲသုံးပွဲကျင်းပရန်စီစဉ်ထားရာ ယခုကဲ့သို့တိုက်ခိုက်ခံရမည့်အခြေအနေကြောင့် ထိုပွဲများအားလုံးကိုဖျက်သိမ်းလိုက်ကြောင်းသိရသည်။

Ref: RTA

## တောင်တရုတ်ပင်လယ်အတွင်း ရောမခေတ်ငွေ့သိုက်တစ်ခုကိုတွေ့ရှိ

တောင်တရုတ်ပင်လယ်အတွင်း ရောမခေတ်ငွေ့သိုက်တစ်ခုကိုတွေ့ရှိကြောင်း တရုတ်နိုင်ငံကအတည်ပြုလိုက်ပြီဟု ဒေသတွင်းသတင်းဌာနများက ထုတ်ပြန်ထားသည်။

အဆိုပါခေတ်ငွေ့သိုက်၌ သဘာဝခေတ်ငွေ့ ကုဗမီတာ ဘီလီယံ ၁၀၀ ကျော်ရှိသည်ဟု ခန့်မှန်းရပြီး ကမ္ဘာ့ပထမဆုံးရေတိမ်ပိုင်းခေတ်ငွေ့သိုက်တစ်ခုဖြစ်သည်။

ခေတ်ငွေ့သိုက်တည်ရှိရာနေရာအတိအကျကိုမူထုတ်ပြန်ထားခြင်းမရှိဘဲ ဟိုင်နန်ကျွန်း၏အရှေ့တောင်ဘက်တွင်သာရှိသည်ဟု ဖော်ပြထားသည်။

လက်ရှိတရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင်သဘာဝခေတ်ငွေ့အများဆုံးတင်သွင်းနေရသည့်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်း ခေတ်ငွေ့တန်ချိန်ပေါင်း သန်း ၁၂၀ ကိုတင်သွင်းခဲ့ကြောင်းသိရသည်။

Ref: Xinhua

ပဲရစ်၊ ဘောလုံး

# ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အားကစားရွာ၌ လေအေးပေးစနစ် အလုံအလောက်မပေးနိုင်ခြင်းကြောင့် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရ




ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော နိုင်ငံတကာမှ အားကစားသမားများ တည်းခိုနေထိုင်သည့်အားကစားရွာ၌ လေအေးပေးစနစ် အလုံအလောက်မပေးနိုင်ခြင်းကြောင့် နိုင်ငံတကာမှ အားကစားသမားများ အပူဒဏ်ခံစားနေကြရပြီး ဝေဖန်မှုများနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

လက်ရှိပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ အားကစားရွာ၌ ရာသီဥတုပူပြင်းနေပြီး ပြင်သစ်နိုင်ငံက နိုင်ငံတကာမှ အားကစားသမားများအတွက် လုံလောက်သည့် လေအေးပေးစနစ် တပ်ဆင်ပေးထားခြင်းမရှိသည့်အတွက် ကစားသမားများအနေဖြင့် တည်းခိုနေထိုင်ရန်ခက်ခဲနေသောကြောင့် လုံလောက်သည့်လေအေးပေးစနစ်တပ်ဆင်ပေးရန် တောင်းဆိုမှုများပြုလုပ်ခဲ့ကြသော်လည်း လုပ်ဆောင်ပေးခြင်းမရှိသည့်အတွက် နိုင်ငံတကာမှ အားကစားသမားများ အပြင်းအထန်ဝေဖန်ခဲ့ကြသည်။

လက်ရှိ ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် အီတလီနိုင်ငံအတွက် ရွှေတံဆိပ်ဆုဆွတ်ခူးပေးနိုင်သည့် ရေကူးအားကစားသမား သောမက်ဆီကွန်သည် အားကစားရွာ၌ တည်းခိုနေထိုင်စဉ် ရာသီဥတုဒဏ်မခံနိုင်သည့်အတွက် အားကစားရွာအတွင်းရှိ အရိပ်ရသည့်နေရာများ၌ အိပ်စက်ခဲ့ရကြောင်းကို လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့သော်လည်း လက်ရှိအချိန်ထိ လုံလောက်သည့်လေအေးပေးစနစ်များ တပ်ဆင်ပေးခြင်းမရှိသေးကြောင်း သိရသည်။

အလားတူ အိန္ဒိယနိုင်ငံမှ အားကစားအဖွဲ့သည်လည်း အားကစားရွာ၌ တည်းခိုနေထိုင်ရာတွင် လေအေးပေးစနစ်မလုံလောက်သည့် အခက်အခဲတွေ့ကြုံနေရသောကြောင့် အိန္ဒိယအားကစားဝန်ကြီးဌာနက ၎င်းတို့၏အားကစားသမားများအတွက် လေအေးပေးစက် အလုံးရေ ၄၀ အားကစားရွာသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

*Ref;The Athletic*

## နွေရာသီ ကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ ချယ်လ်ဆီးအသင်းက ကွင်းလယ်ကစားသမား ဂယ်လာဟာကို အက်သလက်တီကိုအသင်းထံ ရောင်းချပြီးနောက် အက်သလက်တီကိုအသင်း ကစားသမား အိုမိုရိုဒွိုင်းကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိပြီး မကြာမီ ဆေးစစ်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

■ ဒေါ့မွန်အသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်ကွင်းလယ်ကစားသမား မာကိုရူးစ်ကို မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းက ၂၀၂၅ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူပြီး ယခုရက်ပိုင်းအတွင်း ဆေးစစ်မှုပြုလုပ်ကာ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

■ ဂျူဗင်တပ်စ်အသင်းက နိုက်စ်အသင်း ခံစစ်ကစားသမား တိုဒီဘိုကိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေပြီး သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

■ စတုဂတ်အသင်းက ဂူရယ်ဆီ၏နေရာ၌ အစားထိုးရန် ဘရိုက်တန်အသင်း တိုက်စစ်ကစားသမား အန်ဒေါ့ဗန်ကို ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

ရောမ၊ ဘောလုံး

# အတ္တလန္တာအသင်းက ကာလရှည်အနားယူရမည့် စကာမာကာ၏နေရာ၌အစားထိုးရန် ဂျီနိုအာအသင်း တိုက်စစ်မှူး ရီတယ်ဂီကို ယူရို ၂၂ သန်းအပြင် အပိုဆုကြေးသုံးသန်းဖြင့်ခေါ်ယူ

အတ္တလန္တာအသင်းက ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရမည့် အဓိက တိုက်စစ်ကစားသမား စကာမာကာ၏နေရာ၌ အစားထိုးရန် ဂျီနိုအာအသင်းတိုက်စစ်မှူး ရီတယ်ဂီကို ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းအပြင် အပိုဆုကြေး သုံးသန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

စကာမာကာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အတ္တလန္တာအသင်းတိုက်စစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြနိုင်ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ရာသီကြိုခြေစမ်းပွဲစဉ်များအတွက် လေ့ကျင့်မှုများပြုလုပ်စဉ် ပြင်းထန်သည့်ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့သောကြောင့် ၂၀၂၅ ခုနှစ် ဧပြီလအထိ အနားယူရမည်ဖြစ်ပြီး အတ္တလန္တာအသင်းက လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည်ဖြစ်၍ အသင်းတိုက်စစ်ပိုင်းတွင် လိုအပ်ချက်များရှိလာနိုင်သည့်အတွက် ရီတယ်ဂီနှင့် အစားထိုးခဲ့ခြင်းဖြစ်သည်။

အတ္တလန္တာအသင်းသည် အစောပိုင်းက စကာမာကာ၏နေရာ၌ အစားထိုးရန် မန်ယူအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တိုက်စစ်ကစားသမားမာရှယ်ကို ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သော်လည်း ညှိနှိုင်းမှုအဆင်မပြေခြင်းကြောင့် ဂျီနိုအာအသင်းတိုက်စစ်မှူး ရီတယ်ဂီကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အတ္တလန္တာအသင်းက လာမည့်ရက်ပိုင်းအတွင်း ရီတယ်ဂီနှင့်အပြောင်းအရွှေ့အတွက် ဆေးစစ်မှုများပြုလုပ်ပြီးလျှင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

*Ref;Footballitalia*

ပဲရစ်၊ နပန်း

# ရွှေတံဆိပ်ဆု ငါးကြိမ်ဆက်ဆွတ်ခူးနိုင်ပြီးနောက် နပန်းကစားသမားဘဝမှအနားယူကြောင်း လိုပက်ဇ်အတည်ပြုကြေညာ

ကျူးဘားထိပ်တန်းနပန်းကစားသမား လိုပက်ဇ်သည် အိုလံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ငါးကြိမ်ဆက်ဆွတ်ခူးနိုင်ပြီးနောက် နပန်းကစားသမားဘဝမှ အပြီးတိုင်အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၄၁ နှစ်အရွယ် လိုပက်ဇ်သည် လက်ရှိ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၂၄ ပဲရစ်အိုလံပစ်အားကစားပြိုင်ပွဲ ၁၃၀ ကီလိုတန်း နပန်းအားကစားပြိုင်ပွဲတွင် ကျူးဘားနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ပြီးနောက် အိုလံပစ်ပြိုင်ပွဲ၌ ငါးကြိမ်ဆက်ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လိုပက်ဇ်သည် အိုလံပစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ပြိုင်ပွဲတစ်ခုတည်း၌ ငါးကြိမ်ဆက်တိုက် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ပြီးနောက် ငါးကြိမ်ဆက်ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လိုပက်ဇ်သည် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ၁၃၀ ကီလိုတန်းနပန်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ချီလီနပန်းအားကစားသမား ဂရီကိုရိုမန်ကို အနိုင်ရရှိခဲ့ကာ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ပြီးနောက် ၎င်းဝတ်ဆင်ထားသည့်ဖိနပ်ကို ပြိုင်ပွဲကစားသည့်နေရာ၌ ချွတ်ခဲ့ပြီး နပန်းကစားသမားဘဝမှ အနားယူကြောင်းကို အတည်ပြုကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;France 24*



ပဲခူး ဩဂုတ် ၈

# ရေကြီးနစ်မြုပ်လယ်မြေများတွင် တစ်ကွက်ပေါ် တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေးဆွေးနွေး



ရေကြီးနစ်မြုပ်လယ်မြေများတွင် တစ်ကွက်ပေါ်တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်ခြင်းများကြောင့် သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ရေလွှမ်းဆဲကော၊ ရေပြန်ပေါ်ကော၊ ထိခိုက်ကေနှင့် ပျက်စီးကေများ စနစ်တကျပြုစု၍ တစ်ကွက်ပေါ်တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေး ချက်ချင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးစပါးထိခိုက်ကေများအား ပြန်လည်စိုက်ပျိုးရာတွင် သက်တမ်းတူ၊ မျိုးတူ စိုက်ခင်းများမှ သားတက်ပွားများရယူစိုက်ပျိုးသွားရမည်ဖြစ်ပြီး ပျက်စီးကေများအတွက် ကြိုတင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးသွားရမည်ဖြစ်ကာ မြို့နယ်အလိုက် မျိုးစပါးလိုအပ်ချက်များရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးခြင်းအား အမျိုးသားရေး ရည်မှန်းချက်တစ်ခုအဖြစ် စိုက်ပျိုးရန် ညွှန်ကြားပြီးဖြစ်ကြောင်း၊ ဒေသတွင်း အသားစားသုံးမှုဖူလုံပိုလျှံစေရေးအတွက် ဒေသန္တရမျိုးများဖြစ်သည့် ကြက်၊ ဝက်၊ နွား၊ ဆိတ် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းမှ စီးပွားဖြစ် မွေးမြူခြင်းစနစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ရေး လိုအပ်သည်များပံ့ပိုးကူညီသွားရမည်ဖြစ်ကြောင်း၊ ရေကြီးမှုကြောင့် ပျက်စီးသွားသည့် လမ်း/တံတားများအား ကွင်းဆင်းစိစစ်၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ဆက်စပ်လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း တင်ပြခဲ့ကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၀၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၁၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၁၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၄ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၄ ရက်နေ့အတွင်း ပြန်လည်တင်သွင်းရန် သတ်မှတ်ထားရှိခဲ့ပါသည်။ ရွေးကောက်တင်မြှောက်ခံမည့် ကောင်စီဝင်လောင်းအမည်စာရင်းအား သီးသန့်ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ(က)နှင့်(ခ)အရ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက် - ၁၀-၉-၂၀၂၄ (အင်္ဂါနေ့)


(ခ) နေရာ - အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ဗဟိုပုံနှိပ်စက်ရုံဝင်း၊ ပထမထပ်၊ စုဝေးခန်းမ၊ ဗိုလ်တထောင်မြို့နယ်။

(ဂ) အချိန် - နံနက်(၁၀:၀၀)နာရီ။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

နေပြည်တော် ဩဂုတ် ၈

## ပုသိမ်ကြီးမြို့နယ်၊ ဖယောင်းတောင်ရွာကိုစစ်တပ်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ၇ ဦး သေဆုံးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ




မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ဖယောင်းတောင်ရွာကိုဩဂုတ်လ ၆ ရက်နေ့ ညပိုင်းတွင် စစ်တပ်ကလေကြောင်းဖြင့် ဗုံးကြဲချတိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူ ၇ ဦး သေဆုံးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး( Counter-Terrorism Operation) ကို ဆောင်ရွက်နေသည့်ကာလတွင် ဒေသခံပြည်သူလူထု၏ သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့်နေရာကိုသာ တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ပြီး ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏လက်နက်ကြီး များ၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက နိုင်ငံတကာမှ တပ်မတော်အပေါ် သတင်းအမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို ဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဩဂုတ် ၈

## စစ်တောင်းမြစ်နှင့်သံလွင်မြစ် ရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၃ ပေခန့် (၈၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရသံလွင်မြစ်ရေသည်ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၃ ပေကျော် (၉၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

မုဒုံ၊ အားကစား

